# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကဝင်(ဓမ္မပဒ-၂၁၇)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၁၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၅၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ(ဖိတ်ခေါ်)ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်မှဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုဆုငွေများချီးမြှင့်

နေပြည်တော် ဇွန် ၁၇


ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပသည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်မှ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်


*စာမျက်နှာ ၃ ကော်လံ ၁* ◆




နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ပြေးခုန်ပစ်အားကစားတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ်စိုးပေ အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။


အောင်ဘာလေ ထီလက်မှတ် **တစ်စောင်** လျှင် **၁၀၀၀ ကျပ်**နှုန်းဖြင့် အွန်လိုင်းမှတစ်ဆင့် ထီထိုးကံစမ်းနိုင်ပါပြီ။

Android နှင့် ios ဖုန်းများအတွက် Aung Bar Lay Application Download ရယူနိုင်သော Link

https://aungbarlay.ird.gov.mm/#/

ဖော်ပြပါ QR Code မှလည်း Scan ဖတ်၍ Aung Bar Lay Application Download ရယူနိုင်ပါပြီ။

KBZPay၊ AYA PAY၊ CB Pay၊ uab pay နှင့် mytelpay များ အသုံးပြု၍ ထီထိုးကံစမ်းနိုင်ပါသည်။

# စီးပွားဖြစ်ဝါးစိုက်ခင်းများ တည်ထောင်

မြန်မာနိုင်ငံသည် သဘာဝအလျောက် ပေါက်ရောက်သည့် ဝါးတောများ ကျယ်ပြန့်များပြားစွာ ပိုင်ဆိုင်သည့် နိုင်ငံဖြစ်သည်။ ကမ္ဘာနှင့်ချီ၍ ပြောရလျှင် တရုတ်၊ အိန္ဒိယတို့ပြီးလျှင် တတိယမြောက် အများဆုံးသော သဘာဝဝါးတောများကို ပိုင်ဆိုင်ထားသည်။ မြန်မာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်ဒေသနေ ပြည်သူလူထု၏ လူနေမှုဘဝတွင် ဝါးသည် ကဏ္ဍများစွာ၌ ပါဝင်လျက်ရှိနေပြီး မျှစ်နှင့် ဝါး ထုတ်ယူမှုများကြောင့် သဘာဝဝါးတောများ လျင်မြန်စွာ ပြုန်းတီးလျက်ရှိနေသည်။

မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၂ ခုနှင့် ဝါးမျိုးစိတ် ၁၀၀ ကျော် ပေါက်ရောက်သည်။ သဘာဝဝါးတောဧရိယာ ဧက ၁ ဒသမ ၇ သန်းကျော်ရှိနေပြီး လွန်ခဲ့သည့်နှစ်အနည်းငယ်မှစ၍ စီးပွားဖြစ် ဝါးစိုက်ပျိုးလာကြသည်ဟု သိရသည်။ ဝါးစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်နည်းခြင်း၊ ကယိကထ မများခြင်းနှင့် ရေရှည်အကျိုးဖြစ်ထွန်းခြင်း စသည့်အားသာချက်များရှိသည်ဟုလည်း ဆိုကြသည်။ တရုတ်နိုင်ငံမှ မူလဇာတိဖြစ်ပြီး တစ်နှစ်ပတ်လုံး မျှစ်ချိုထုတ်လုပ်နိုင်သည့် ဝါးမျိုးကို ထိုင်းနိုင်ငံမှ တင်သွင်းစိုက်ပျိုးကြသည်ဟုလည်း သိရသည်။ မိမိတို့နိုင်ငံတွင် သဘာဝဝါးတောများ ပေါများသည်မှန်သော်လည်း ထိန်းသိမ်းမှုကင်းမဲ့ခြင်း၊ စနစ်တကျထုတ်ယူမှုမရှိခြင်း၊ ဝါးတန်ဖိုးမြှင့် ထုတ်လုပ်မှုအတတ်ပညာ၊ နည်းပညာ အားနည်းခြင်းတို့ကြောင့် စီးပွားဖြစ်ထွန်းမှုတွင်လည်း နိမ့်ကျသည်။ ဝါးမှ လက်မှုအတတ်ပညာဖြင့် ထုတ်လုပ်သည့် ဆန်ကော၊ ဆန်ခါ၊ ခြင်း၊ တောင်းနှင့် အခြားလက်မှုပစ္စည်းများမှာလည်း အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းလာသည့် ပလတ်စတစ်ပစ္စည်းများကို မယှဉ်နိုင်ဘဲ ဈေးကွက်ပျောက်ခဲ့ရသည်မှာ ကြာပြီဖြစ်သည်။

စင်စစ် ဝါးမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး စီးပွားဖြစ်ဝင်ငွေရှာဖွေနိုင်သည်။ အဆင့်မြင့် ဝါးကုန်ကြမ်းများ ရရှိနိုင်ရန်အတွက်မူ ရှိပြီးသဘာဝဝါးတောများကို စနစ်တကျ စီမံခန့်ခွဲခြင်း၊ ပြုစုထိန်းသိမ်းခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံစိုက်တောင်သူများအနေဖြင့်လည်း မြေအမျိုးအစားကိုလိုက်၍ အခြားသီးပင် စားပင်များ၊ တွက်ခြေမကိုက်ပါက ဝါးစိုက်ပျိုးခြင်း၊ တစ်နိုင်တစ်ပိုင် ဝါးစိုက်ပျိုးခြင်းဖြင့် အရည်အသွေးကောင်းသည့် မျှစ်နှင့်ဝါးကုန်ကြမ်းများ ထုတ်လုပ်နိုင်ပြီး ယင်းမှတစ်ဆင့် တန်ဖိုးမြှင့်ကုန်ချောများကို ဆက်လက်ထုတ်လုပ်နိုင်သည်။ ခေတ်မီအတတ်ပညာ၊ နည်းပညာနှင့် ထုတ်လုပ်သည့်ဝါးကုန်ချောအမျိုးမျိုးတို့၏ ပြည်ပဈေးကွက်များရှိနေရာ စီးပွားဖြစ်ဝါးစိုက်ခင်းများ တည်ထောင်လုပ်ကိုင်လာကြရေးနှင့် အဆင့်မြင့်ဝါးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးတို့အတွက် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ သစ်တောနယ်မြေများတွင် စီးပွားဖြစ်ဝါးစိုက်ခင်းများ တည်ထောင်နိုင်ငံရေးအတွက် နိုင်ငံတော်က ခွင့်ပြုအားပေးလျက်ရှိရာ အမှန်တကယ်စီးပွားဖြစ် ဝါးစိုက်ပျိုးထုတ်လုပ်လိုသူများအတွက် အခွင့်အလမ်းများရှိနေသည်။

ဝါးသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးအတွက် လွန်စွာအကျိုးပြုနိုင်သည်။ အကျယ်အဝန်းပမာဏချင်း တူညီသော ဝါးတောသည် သစ်တောထက် ကာဗွန်ကို ပိုမိုစုပ်ယူနိုင်ပြီး အောက်ဆီဂျင်ကို ပိုမိုထုတ်လုပ်ပေးနိုင်သည့်အတွက်လေထုသန့်စင်မှု ပိုမိုကောင်းမွန်စေသည်။ ဝါးပင်၏ အမြစ်များက မြေဆီလွှာရေတိုက်စားမှုကို ထိန်းသိမ်းပေးပြီး ဝါးပင်ရွက်ကြွေများက မြေဩဇာကြွယ်ဝစေသည်။ သဘာဝပတ်ဝန်းကျင် ပိုမိုကောင်းမွန်စေပြီး စီးပွားလည်း ဖြစ်ထွန်းနိုင်သည့် ဝါးသည် အလွယ်တကူပြုစုပျိုးထောင်နိုင်သည့် အပင်လည်းဖြစ်ရာ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးသောလရာသီတွင်ဝါးပင်များကိုလည်း တစ်နိုင်တစ်ပိုင် တစ်အုပ်တစ်မမှသည် စီးပွားဖြစ်ဝါးစိုက်ခင်း၊ ဝါးတော၊ ဝါးဥယျာဉ်များ တည်ထောင်လုပ်ကိုင်နိုင်ကြစေရေးအတွက် အကျိုးမျှော်တိုက်တွန်းအပ်ပါကြောင်း။ ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် စိုက်ပျိုးရေးသိပ္ပံ(ဘားအံ)ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး၊ မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့နှင့်မြေဩဇာများထောက်ပံ့ပေးအပ်

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၆ ရက် မွန်းလွဲ ၂ နာရီခန့်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးသိပ္ပံ(ဘားအံ)၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား သွားရောက်တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

**အားပေးစကားပြောကြား**

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် နိုင်ငံတော်မှ ယခုကဲ့သို့ ကျောင်းများကိုဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ သုံးနှစ်တာ သင်ကြားပြီးမြောက်ပါက အလယ်အလတ် စိုက်ပျိုးရေးပညာရှင်၊ မွေးမြူရေးပညာရှင် ဒီပလိုမာအောင်လက်မှတ်ကို ရရှိမည်ဖြစ်ပြီး ထူးချွန်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးတက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခွင့် ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံအကျိုးကို ပိုမိုတိုးတက်မြင့်မားအောင် ဆောင်ကြဉ်းနိုင်ကြသူများ ဖြစ်ကြပါစေကြောင်း အားပေးစကား ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသိပ္ပံ(ဘားအံ) ကျောင်းအုပ်ကြီးက ပညာသင်ကြားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးရေးသိပ္ပံ(ဘားအံ)အတွက် တက်ရောက်ပညာသင်ကြားနေသော ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၇ ဦးအား ငွေကျပ်သုံးဆယ့်တစ်သိန်းလေးသောင်းကို ထောက်ပံ့ပေးအပ်ရာ ကျောင်းသားကျောင်းသူများကိုယ်စား တတိယနှစ် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ စိုက်ပျိုးရေးသိပ္ပံ(ဘားအံ) ကျောင်းပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးသိပ္ပံ(ဘားအံ)တွင် တွဲဖက်ဖွင့်လှစ်ထားသော မွေးမြူရေးဒီပလိုမာသင်တန်းကျောင်း၏ နွားမွေးမြူရေးခြံ၊ ဝက်မွေးမြူရေးခြံ၊ ကြက်မွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**စုပေါင်းထွန်ယက်**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ယခုနှစ်မိုးရာသီ၌ မိုးစပါးဧက ၁၁၉၀၄၃ ဧကစိုက်ပျိုးရန်လျာထားပြီး လျာထားမိုးစပါးဧက ပြည့်မီကျော်လွန်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက် နံနက် ၈ နာရီခန့်က မိုးကြိုထယ်ရေးစုပေါင်းထွန်ယက်ပွဲကို ဘားအံမြို့နယ် နောင်ခရိုင်ကျေးရွာ ကွင်းအမှတ် ၁၁၈၈(က) နောင်ခရိုင်ကွင်းရှိ တောင်သူ ဦးနေလင်းထွေး၏ လယ် ၁၀ ဧက၌ ကျင်းပသည်။

စုပေါင်း ထွန်ယက်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည့်အတွက် သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်း၍ စိုက်ပျိုးလုပ်ကိုင်သွားကြရန် လိုကြောင်း၊ လူဦးရေ တိုးပွားလာသော်လည်း စိုက်ဧကများ တိုးပွားလာခြင်းမရှိသည့်အတွက် လယ်ယာမြေများကို အနားမပေးဘဲ သီးထပ်သီးညှပ်များဖြင့် နှစ်သီးစားမှ သုံးသီးစားထိတိုးချဲ့စိုက်ပျိုး၍ အထွက်နှုန်းတိုးတက် ကောင်းမွန်လာအောင် စိုက်ပျိုး လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ လယ်ယာလုပ်သားရှားပါးလာခြင်းကို ဖြေလျှော့နိုင်ရန်နှင့် သီးထပ်၊ သီးညှပ်များဖြင့် စိုက်ပျိုး လုပ်ကိုင်ကြရာတွင် အလျဉ်မီစေရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရန် လိုအပ်လာကြောင်း၊ မျိုးစပါး၊ သွင်းအားစု၊ စိုက်နည်းစနစ်၊ ယန္တရားလိုအပ်ချက်များကို မိမိတို့ပြည်နယ်အစိုးရအဖွဲ့မှ ပံ့ပိုးကူညီပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဘားအံခရိုင် အုပ်ချုပ်ရေးမှူးတို့က ရဲသာ(ကမော့ကစင်)၊ ကော့ကူး၊ ခရစ်၊ နောင်ခရိုင်၊ ကော့မရမ်း၊ တော်ပုံကျေးရွာများမှ မျိုးစေ့ထုတ် တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲမှထုတ်လုပ်သော မျိုးသန့်မျိုးပွားမျိုးစေ့(RS) တင်း ၅၀၊ ယူရီးယားဓာတ်မြေဩဇာ အိတ် ၅၀ နှင့် သဘာဝမြေဩဇာအိတ် ၅၀ တို့ကို ထောက်ပံ့ပေးအပ်ရာ **(အောက်ပုံ)** တောင်သူများကိုယ်စား တောင်သူကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဘားအံမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၂၀) စက်မှုလယ်ယာစခန်းမှ ထွန်စက်ကြီး ခြောက်စီးနှင့် တောင်သူများ၏ လက်တွန်းထွန်စက်ငယ်များဖြင့် မိုးကြိုထယ်ရေး စုပေါင်းထွန်ယက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက်လာသော ကျေးရွာများမှတောင်သူများက ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် နောင်ခရိုင်ကျေးရွာ နောင်ခရိုင်ရေဂူအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေဂူနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ အများပြည်သူ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေ အနားယူနိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇွန် ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဆင်ဖြူကျွန်းကျောင်းတိုက်နှင့် ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာခိုနန်းပရိယတ္တိစာသင်တိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဃောသိတာရာမကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်မမစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မော်ကျွန်းကျောင်းတိုက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ဝိဇာတဗိမာန်မိုးကုတ်ကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ သုစိတ္တာလင်္ကာရစာသင်တိုက်များသို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အာသောကာရုံကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဓမ္မဒူရတောရကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ သီရိခေတ္တာရာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာသုန္ဒရာရာမကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာကျောင်းတိုက်များသို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်မှ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

- ❑ **ယခုကဲ့သို့ နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ အောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခန့်ညားစေပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်၊ အားကစားသည် ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်အပေါ်တွင် အရှိန်အဝါနှင့် အနေအထားအရပါ မြင့်မားလာသည့်အတွက် ကျန်းမာရေးသက်သက်၊ အားကစားသက်သက် အဆင့်သာမက နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြောင်းလဲလာခဲ့**
- ❑ **ဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကိုလွှင့်တင်ကာ နိုင်ငံတော်သီချင်းသံလွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသူများဖြစ်ကြသည့်အပြင် နိုင်ငံအလိုက် ထိုက်သင့်သည့်အဆင့်တစ်ခုကို ရယူပေးနိုင်ခဲ့သည့် မသန်စွမ်းအားကစားသမားများနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကို မှတ်တမ်းတင်ပြီး ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်**

◆ ရှေ့ဖုံးမှ

အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခြင်းဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် အားကစားလှုပ်ရှားမှုသည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို ရေးရှုသည်ဆိုသော်လည်း ယခုကဲ့သို့ နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ အောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခန့်ညားစေပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခြင်းပင် ဖြစ်ပါကြောင်း၊ အားကစားသည် ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်အပေါ်တွင် အရှိန်အဝါနှင့် အနေအထားအရပါ မြင့်မားလာသည့်အတွက် ကျန်းမာရေးသက်သက်၊ အားကစားသက်သက် အဆင့်သာမက နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြောင်းလဲလာခဲ့ပြီဟုလည်း ပြောကြားလိုပါကြောင်း။

ယနေ့ကမ္ဘာကြီးတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ လူ့အဖွဲ့အစည်းများအကြားဖြစ်ပွားနေသည့်ပဋိပက္ခများ၊ တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ၊ အကြမ်းဖက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ များစွာရှိနေသည့်အပြင် မွေးဖွားလာကတည်းက ဆွံ့အ၊ နားမကြား၊ ခြေလက်အင်္ဂါမပြည့်စုံခြင်းနှင့် ဉာဏ်ရည်မပြည့်မီသူများလည်း ရှိနေကြပါကြောင်း၊ ထို့ကြောင့် ယနေ့ကမ္ဘာပေါ်တွင် မသန်စွမ်းဖြစ်ပွားသူအရေအတွက်သည် ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်း၊ သန်းပေါင်း ၁၃၀၀ ခန့်ရှိသည်ဟု ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအတွင်း၌ ၂၀၁၉ ခုနှစ်ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်း၊ လူဦးရေ ၅ ဒသမ ၉၆၈ သန်းကျော်သည် မသန်စွမ်းသူများ ဖြစ်ကြသည်ဟုလည်း သိရပါကြောင်း။

**လိုအပ်ချက်များကိုဖြည့်ဆည်း**

မသန်စွမ်းသူများသည်လည်း လူသားများပင်ဖြစ်သဖြင့် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် စိတ်ဓာတ်ခိုင်မာမြင့်မားရေးတို့ကို အလေးထားလုပ်ဆောင်ပေးကြရန်လည်း လိုအပ်လာပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပုဒ်မ (၃၂)၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကာ မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ ပြုစုပျိုးထောင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးစသည့် လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယနေ့ခေတ်တွင် မသန်စွမ်းသူများ၏ အရေးသည် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက အထူးအာရုံစိုက် အလေးထားလာသည့် အရေးကိစ္စတစ်ရပ် ဖြစ်လာခဲ့ပါကြောင်း၊ ထို့ကြောင့်လည်း အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်နိုင်ရေးအတွက် ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ASEAN Para Sports Federation (APSF)ကို အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ အနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး မသန်စွမ်းသူများအားကစား ပြိုင်ပွဲတိုင်းကို ပါဝင်ယှဉ်ပြိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်သည့်ပြိုင်ပွဲများတွင် အားကစားသမားဦးရေ အနည်းငယ်သာ ဖြစ်သော်လည်း ပြိုင်ပွဲဝင်အားကစား အမျိုးအစားတိုင်းတွင် ဆုတံဆိပ်များစွာ ဆွတ်ခူးပေးနိုင်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် (၁၁)ကြိမ်မြောက်ပြိုင်ပွဲတွင် အားကစားသမား ၆၉ ဦးဖြင့် ရွှေတံဆိပ် ၁၄ ခု အပါအဝင် စုစုပေါင်းဆုတံဆိပ် ၄၃ ခုနှင့် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ၆ ရရှိခဲ့သည်ကိုတွေ့ရပြီး ယခု (၁၂) ကြိမ်မြောက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း (၈)နည်း၊ အားကစားသမား ၈၂ ဦးနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ **ရွှေတံဆိပ် ၁၅ ခု၊ ငွေတံဆိပ် ၂၂ ခု၊ ကြေးတံဆိပ်၁၉ ခု၊ စုစုပေါင်း ဆုတံဆိပ် ၅၆ ခု ရရှိပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့် ၆ ရရှိခဲ့ပါကြောင်း။**

အဆိုပါ ပြိုင်ပွဲမှတ်တမ်းများအရ မြန်မာနိုင်ငံမှ မသန်စွမ်းသူအားကစားသမားများသည် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြသူများ ဖြစ်သည်ဟု မှတ်တမ်းတင် ဂုဏ်ပြုပြောကြားလိုပါကြောင်း။

**အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့**

ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း(၈)နည်းထဲတွင် ပြေးခုန်ပစ်၊ ရေကူးအားကစားနည်းတို့မှ ရွှေတံဆိပ် ၁၅ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမအားကစားနည်းတို့မှ ငွေတံဆိပ် ၂၂ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ စစ်တုရင်ပြိုင်ပွဲနှင့် ဂိုးလ်ဘောအားကစားနည်းများမှ ကြေးတံဆိပ် ၁၉ ခု ရရှိခဲ့ပါကြောင်း၊ ငွေတံဆိပ်ရရှိခဲ့သည့် အားကစားနည်းများသည်လည်း ပြိုင်ပွဲများတွင် ဗိုလ်လုပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်မရရှိခဲ့ကြသော်လည်း နိုင်ငံအတွက် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း။

အလားတူ ၂၀၂၃ ခုနှစ်၊ ဇွန် ၈ ရက်မှ ၁၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ကျွန်းတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက် (ဖိတ်ခေါ်) အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို မြန်မာနိုင်ငံအပါအဝင် ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့်မလေးရှား စုစုပေါင်း ၈ နိုင်ငံတို့မှ အားကစားသမား ၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ် ၁ ခု၊ ငွေတံဆိပ် ၃ ခု၊ ကြေးတံဆိပ် ၃ ခု၊ စုစုပေါင်းဆုတံဆိပ် ၇ ခု ရယူပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ထည့်သွင်းချီးမြှင့်ပေးသွားမည် ဖြစ်ပါကြောင်း၊ ကာယဗလနှင့်ကာယကြံ့ခိုင်မှုသည်လည်း လူတစ်ဦးချင်းစီအတွက် အရေးကြီးသည့် အချက်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲထည့်သွင်းကျင်းပမှု မရှိခဲ့ခြင်းကြောင့် အဖွဲ့ချုပ်က ဖိတ်ခေါ်ပြိုင်ပွဲအနေဖြင့် အားဖြည့်ဆောင်ရွက်သည့် ပြိုင်ပွဲဟု သိရပါကြောင်း။

**ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်**

ဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကိုလွှင့်တင်ကာ နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသူများ ဖြစ်ကြသည့်အပြင် နိုင်ငံအလိုက် ထိုက်သင့်သည့်အဆင့်တစ်ခုကို ရယူပေးနိုင်ခဲ့သည့် မသန်စွမ်းအားကစားသမားများနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ (ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ဆုတံဆိပ် ရရှိခဲ့သည့် အားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကို မှတ်တမ်းတင်ပြီး ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအပါအဝင် ပြိုင်ပွဲအောင်မြင်စေရေးအတွက် ပံ့ပိုးကူညီပေးကြသည့် လုပ်ငန်းရှင်များ၊ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကလည်း ဆက်လက်အားပေး

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံလုံးပစ်နှင့် လှံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ်ကြီး တင်ညို အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ဒုတိယတပ်ကြပ် အောင်ထွန်းလင်း အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

ချီးမြှောက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ဆုတံဆိပ်များ ရရှိအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကလည်း မိမိတို့၏ ခွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်များနှင့် ပေါင်းစပ်ပြီး နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ယခုထက်ပိုမိုအောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကလည်း **“မသန်လည်းလူ သန်လည်းလူ စွမ်းဆောင်မှုသာ အဓိက”** ဆိုသည့် အဖွဲ့ချုပ်၏ ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ အားကစားသမားများကို မြန်မာလူမျိုးတို့၏အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲစိတ်ဓာတ်၊ နိုင်ငံနှင့် လူမျိုးကိုချစ်သည့် အမျိုးသားရေးစိတ်ဓာတ်တို့ကိုမွေးမြူပြီး ဆက်လက်လေ့ကျင့်သွားစေရေး တွန်းအားပေးကြပ်မတ်ဆောင်ရွက်သွားကြရန်၊ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အားကစားသမား မောင်မယ်များအနေဖြင့်လည်း လာမည့်အားကစားပြိုင်ပွဲများ၌လည်း ယခုထက်ပိုမိုအောင်မြင်မှု ရရှိရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မလျှော့သောခွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်၊ စိတ်ဓာတ်၊ စည်းကမ်းတို့ဖြင့် ရေကုန်ရေခန်း ဆက်လက် အားထုတ်ကြိုးပမ်းကြပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်ရေး လေ့ကျင့်ယှဉ်ပြိုင်သွားကြရန် အလေးအနက်ထားတိုက်တွန်းမှာကြား လိုပါကြောင်း ပြောကြားသည်။ *စာမျက်နှာ ၅ သို့*



ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၄ မှ

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ထို့နောက် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေကူးအားကစားနည်းတွင် ရွှေတံဆိပ် ၂ ခုနှင့် ငွေတံဆိပ် ၂ ခု ရရှိခဲ့သည့် မောင်အောင်မြင့်မြတ်၊ ပြေးခုန်ပစ်အားကစားနည်း မီတာ ၈၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု၊ မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခုနှင့် မီတာ ၄၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုရရှိခဲ့သည့် ဒုတိယတပ်ကြပ် မောင်လင်း၊ သံလုံးပစ်ပြိုင်ပွဲနှင့် လှံတံပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ် ၂ ခုနှင့် သံပြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု ရရှိခဲ့သည့် တပ်ကြပ်ကြီး တင်ညို၊ သံလုံးပစ်ပြိုင်ပွဲနှင့် သံပြားပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ် ၂ ခုနှင့် လှံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ် ၁ ခု ရရှိခဲ့သည့် မထက်ထက်အေး၊ သံလုံးပစ်ပြိုင်ပွဲနှင့် လှံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၂ ခု ရရှိခဲ့သည့် မစိန်ဖော့၊ ပြေးခုန်ပစ် အားကစားနည်း မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု၊ မီတာ ၂၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ် ၁ ခုနှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ကြေးတံဆိပ် ၁ ခုရရှိခဲ့သည့် တပ်ကြပ်စိုးပေ၊ ရေကူးအားကစားနည်း မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုရရှိခဲ့သည့် မောင်မင်းထူး၊ သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု၊ သံပြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုရရှိခဲ့သည့် မောင်အောင်ဘုန်းမြတ်၊ သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု၊ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုရရှိခဲ့သည့် ဒုတိယတပ်ကြပ် အောင်ထွန်းလင်း၊ သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခုရရှိခဲ့သည့် ဒုတိယတပ်ကြပ် ရဲမင်းစိုး၊ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု ရရှိခဲ့သည့် မောင်ငြိမ်းချမ်းတို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

> “ ယနေ့ ကျင်းပပြုလုပ်သည့် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုဆုငွေချီးမြှင့်မှု စုစုပေါင်းမှာ ငွေကျပ် ၁၂၈၀၅ သိန်းဖြစ် ”

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပြေးခုန်ပစ်အားကစားနည်း အလျားခုန်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုနှင့် မီတာ ၂၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု ရရှိခဲ့သည့် မဝေဝေသင်း၊ အလျားခုန်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု ရရှိခဲ့သည့် မလော်လာဝင်း၊ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခု၊ လှံတံပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၁ ခုရရှိခဲ့သည့် မောင်စည်သူထက်၊ အလေးမအားကစားနည်းတွင် ငွေတံဆိပ် ၂ ခု ရရှိခဲ့သည့် မငြိမ်းစန္ဒာအောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒေါ်ဒွဲဘူ၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ညွှန်ကြားရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများက ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုများရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်ဆုရ အားကစားသမားများ၊ အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ် ၁ ခု၊ ငွေတံဆိပ် ၁ ခုနှင့် ကြေးတံဆိပ် ၂ ခု ရရှိခဲ့သည့် အားကစားသမား တပ်ကြပ် စိုးပေနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ (ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု ရရှိခဲ့သည့် မောင်ငြိမ်းချမ်းတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယနေ့ ကျင်းပပြုလုပ်သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ် ရရှိခဲ့သူများကို ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများ၌ ကြေးတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၃၅ သိန်းနှင့် အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြများနှင့် အုပ်ချုပ်သူများအား မိမိတို့အားကစားနည်းမှ ရွှေတံဆိပ်ရရှိခဲ့ပါက တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေ ကျပ် သိန်း ၃၀ စီပေးအပ်ချီးမြှင့်ခဲ့ရာ စုစုပေါင်းချီးမြှင့်ငွေအနေဖြင့် ငွေကျပ် ၁၂၉၅ သိန်းဖြစ်ကြောင်းနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ် ရရှိခဲ့သူများကို ငွေကျပ်သိန်း ၇၀၊ ကြေးတံဆိပ် ရရှိခဲ့သူများကို ငွေကျပ်သိန်း ၅၀၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ငွေကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့ခြင်းဖြစ်သဖြင့် ယနေ့ကျင်းပပြုလုပ်သည့် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုဆုငွေချီးမြှင့်မှု စုစုပေါင်းမှာ ငွေကျပ် ၁၂၈၀၅ သိန်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရခိုင်ပြည်နယ်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်နယ်တာဝန်ခံများနှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၇**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ဇွန် ၁၅ ရက် နံနက်ပိုင်းက စစ်တွေမြို့ရှိ ပြည်နယ်ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနရုံး၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ် တာဝန်ခံညွှန်ကြားရေးမှူးများ၊ ဒုတိယအထွေထွေ မန်နေဂျာများနှင့် တွေ့ဆုံ၍ မိုခါမုန်တိုင်းဒဏ်ကြောင့် ဌာနဆိုင်ရာအဆောက်အအုံများ ထိခိုက်ပျက်စီးမှု၊ ဝန်ထမ်းအိမ်ရာများ၊ ဝန်ထမ်းမိသားစုပိုင်အိမ်ရာများ ထိခိုက်ပျက်စီးမှုအခြေအနေ၊ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

**ကူညီပံ့ပိုးဆောင်ရွက်မည်**

အဆိုပါ ထိခိုက်ပျက်စီးမှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတို့မှ ဘဏ္ဍာရေးစည်းမျဉ်း လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာအသုံးစရိတ်ခေါင်းစဉ်မှ သုံးစွဲခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ အရေးပေါ်ရန်ပုံငွေမှ တောင်းခံခြင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းတင်ပြ တောင်းခံခြင်းတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ထမ်းများအတွက် ကူညီထောက်ပံ့ငွေများကို ဝန်ကြီးဌာနရှိ ဌာနအားလုံးမှ စုပေါင်းလှူဒါန်းငွေကျပ် ၂၀၆ သိန်းဖြင့် ကူညီပံ့ပိုးဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရုံးဌာနအဆောက်အအုံများ ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် မုန်တိုင်းဒဏ်သင့်ခဲ့သည့် မြို့နယ် ၁၇ မြို့နယ်အတွင်း ဌာနပိုင်နှင့် ဝန်ထမ်းမိသားစုပိုင် အဆောက်အအုံ၊ မော်တော်ယာဉ်၊ ရေ၊ မီး၊ တိရစ္ဆာန် စသည်ဖြင့် ထိခိုက်ပျက်စီးမှုတန်ဖိုး ငွေကျပ်သန်း ၂၂၀၀ ခန့် ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၇ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်
( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

**ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်မြအေး အား ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၈ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်
( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

**ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်စောရွှေ အား ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသော ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် (၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ် (26th St. Petersburg International Economic Forum)သို့ တက်ရောက်ကြသည်။




မြန်မာကိုယ်စားလှယ် အဖွဲ့သည် ရုရှားပတ်ဝန်းကျင်ဆိုင်ရာဌာန အထွေထွေညွှန်ကြားရေးမှူး မစ္စတာ ဒန်းနစ်ဘတ်စေးအိဗ်နှင့် အဖွဲ့အား ယမန်နေ့နံနက်ပိုင်းက တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ အကြား လူ့ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ကို ထိခိုက်စေသော သက်ရောက်မှုများကို တားဆီးရန်၊ စွမ်းအင်ထုတ်လုပ်ရန်အတွက် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်ရန်၊ မြူနီစပယ် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာနိုင်ငံရှိ စွန့်ပစ်ပစ္စည်းများအား အမျိုးအစားခွဲခြားခြင်းဆိုင်ရာ စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အိုင်ဗီယန် ဗီတိုရိုဗစ်ရှ် ပိုလီရာကော့ဗ်နှင့် ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံပြီး ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများ အကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်၏ မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတမစ္စတာ ဗလာဒီမာပူတင် **(အပေါ်ပုံ)** နှင့် အယ်လ်ဂျီးရီးယားနိုင်ငံ သမ္မတ အက်ဘ်ဒယ်လ်မက်ဂျစ်ဒ် တက်ဘ်ဘုန်းတို့က အဖွင့်မိန့်ခွန်း ပြောကြားကြပြီး ရုရှားနိုင်ငံနှင့် ကမ္ဘာ့မျက်မှောက်ရေးရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းဖိုရမ်သို့ နိုင်ငံပေါင်း ၁၃၀ မှ ဧည့်သည်တော် ပေါင်း ၁၇၀၀၀ ကျော် တက်ရောက်ကြသည်။

စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်ကို ၁၉၉၇ ခုနှစ်မှ စ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှုများကို အဓိကထားဆွေးနွေးသည့် အစီအစဉ်တစ်ခုဖြစ်ကာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေ့အကျင့်ကောင်းများနှင့် ကျွမ်းကျင်မှုများကို ဖလှယ်ရန်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အကြား လက်တွေ့ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တွေ့ကြုံရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို အမြင်ချင်းဖလှယ်ခြင်းဖြင့် အပြန်အလှန် အကျိုးကျေးဇူးရရှိစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

(၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေး ဖိုရမ်သို့ ဒုတိယဝန်ကြီးချုပ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ် ၂၄ ဦး ပါဝင်တက်ရောက်ခဲ့ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် စီးပွားရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## စုကလိမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

**စုကလိ ဇွန် ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန်၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲကို ဇွန် ၁၅ ရက်က စုကလိမြို့ မဲကုလားအုပ်စု ဆုံဆည်းမြိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် အခြေခံပညာ အထက်တန်းကျောင်း (ဆုံဆည်းမြိုင်) ကျောင်းအုပ်ကြီး ဦးညီညီအောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စုကလိမြို့ရုံးမှ စာကြည့်တိုက် လက်ထောက် - ၃ ဒေါ်ပိုပိုအောင်တို့က မူးယစ်ဆေးဝါးများအန္တရာယ်အကြောင်း၊ ကျောင်းသားလူငယ်များနှင့် မူးယစ်ဆေးအန္တရာယ်၊ နောက်ဆက်တွဲရလဒ်ဆိုးကျိုးများအကြောင်း၊ မူးယစ်ဆေးသုံးစွဲခြင်းဖြင့် ကျခံရမည့် ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ကျောင်းကော်မတီအဖွဲ့ဝင်များက မူးယစ်ဆေးဝါးအန္တရာယ်ကို ကျောင်းပတ်ဝန်းကျင်တွင် ကင်းရှင်းစေရေးနှင့်ဆုံဆည်းမြိုင်(အထူးဒေသ)အတွင်း မူးယစ်ဆေးသုံးစွဲခြင်း၊ ရောင်းချခြင်းတို့ ပြုလုပ်ပါက ထိုက်သင့်သည့် အရေးယူဆောင်ရွက်ချက်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပေးခဲ့သည်။

**စုကလိ(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ စစ်တွေတက္ကသိုလ်ဝင်းအတွင်း ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုတို့၏ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုအားပေး

**စစ်တွေ ဇွန် ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင် ဦးဆောင်သည့် အဖွဲ့အား ယနေ့ နံနက် ၇ နာရီခွဲတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### လိုအပ်သည်များ ပေါင်းစပ်ကူညီဖြည့်ဆည်းပေး

တွေ့ဆုံစဉ် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ စားရေရိက္ခာ စနစ်တကျ ဖြန့်ခွဲပေးလျက်ရှိသည့်အခြေအနေ၊ မုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်အတွင်း မိခင်နှင့်ကလေး ကျန်းမာရေးအတွက် အကူအညီ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စစ်တွေတက္ကသိုလ်သို့ရောက်ရှိပြီး ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုတို့၏ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးရာ **(အောက်ပုံ)** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ထိုသို့ ကြည့်ရှုအားပေးနေစဉ်အတွင်း ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လူ၊ စက်ယန္တရားများ အသုံးပြု၍ ဦးစားပေးအဆင့်အတန်းသတ်မှတ်ကာ တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိုးတွင်းကာလဖြစ်သဖြင့် တက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း မှာကြားခဲ့သည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့နယ် ကြက်ကိုင်းတန်းကျေးရွာ၊ စန္ဒာရာမပရိယတ္တိကျောင်းတိုက်ဓမ္မာရုံ၌ စစ်တွေမြို့ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများက မုန်တိုင်းဒဏ်သင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများနှင့် ဆေးကုသမှုခံယူနေကြသူများကို ကြည့်ရှုအားပေးရာ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး အထူးကုဆရာဝန်ကြီးများနှင့် ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူလူထုအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။**(အောက်ပုံ)**

### ကျန်းမာရေး စောင့်ရှောက်မှုပေး

အဆိုပါ စန္ဒာရာမပရိယတ္တိကျောင်းတိုက်ဓမ္မာရုံ၌ သားဖွားမီးယပ်၊ နား၊ နှာခေါင်း လည်ချောင်း၊ အရိုး၊ ခွဲစိတ်၊ အရေပြား၊ စိတ်ရောဂါ၊ မျက်စိ၊ သွားနှင့်ခံတွင်း၊ ကလေးနှင့် အထွေထွေရောဂါများကို ကုသပေးလျက်ရှိပြီး မြန်မာ့တိုင်းရင်းဆေးများ ဖြင့်လည်း ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ သွားရောက်ကြည့်ရှုအားပေးစဉ်အတွင်း ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ဒုတိယဝန်ကြီးများနှင့်အတူ စစ်တွေမြို့နယ် ရွှေမင်းဂံဆိပ်ကမ်းသို့ ရောက်ရှိကြပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ပြိုလဲခဲ့သည့် သစ်ပင်များမှ သစ်မြစ်ဆုံများကို ပန်းပုအတတ်ပညာဖြင့် တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ်ထုတ်လုပ်ရန် CHARITES သင်္ဘောအပြန်ခရီး၌ ရန်ကုန်ဆိပ်ကမ်းသို့ တင်ပို့သွားမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဆက်သွယ်ရေးအော်ပရေတာများ ဖြစ်ကြသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)၊ MyTel ၊ Atom Myanmar နှင့် Ooredoo Myanmar မှ တာဝန်ရှိသူများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးစနစ်များ ထိခိုက်ပျက်စီးခဲ့မှုများကို အချိန်တိုအတွင်း ရာနှုန်းပြည့်နီးပါး ပြန်လည် ကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့မှု၊ ထိုသို့ ပြန်လည်ပြင်ဆင်ရာတွင် မုန်တိုင်းဒဏ်ခံနိုင်သည့် မူလအနေအထားထက် ပိုမိုကောင်းမွန်သော နည်းပညာ၊ စက်ပစ္စည်း၊ အစားထိုးတပ်ဆင်ပေးရန် လိုအပ်မှု၊ အော်ပရေတာများက မုန်တိုင်းသင့်ဒေသများ၌ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် လူမှုရေးစသည့် ကဏ္ဍများတွင် Corporate Social Responsi–bility–CSR အစီအစဉ်ဖြင့် WiFi၊ Internet စနစ်များကို အခမဲ့ တပ်ဆင်၍ ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှုများနှင့် မုန်တိုင်းဒဏ်သင့် ဒေသများအတွင်း ဆက်သွယ်ရေးကောင်းမွန်စေရန် အချိန်တိုအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့မှုများအတွက် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ စစ်တွေမြို့နယ် ကြက်ကိုင်းတန်းကျေးရွာမှ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။





## မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၇**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မိုး/ဇလ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး

**တာချီလိတ် ဇွန် ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၂၀၂၃ ခုနှစ် မေ ၈ ရက်တွင် မှတ်ပုံတင်ခွင့် ရရှိပြီးဖြစ်သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ် အာခါ ဈေးလမ်း အမှတ် (၂၈၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဌာနချုပ်မှ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ယနေ့တွင် နယ်မြေခံတပ်ဦးရိပ်သာ၌ တွေ့ဆုံ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို စစ်ဆေးသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီနာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ခွင့် ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ထားသော ပါတီဝင်အင်အား ၁၀၀၀ ပြည့်မီရေး၊ ရက်ပေါင်း ၁၈၀ အတွင်း ပြည်နယ်အတွင်းရှိမြို့နယ်အားလုံး၏ အနည်းဆုံး ငါးမြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်ရန်၊ ပါတီအလံနှင့် ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန် ပါတီ၏ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားချက်နှင့်အညီ ရေးဆွဲဆောင်ရွက်သွားရန် ပါတီဝင်များ ကိုင်ဆောင်ထားသည့် သုံးခေါက်ချိုး အမျိုးသား မှတ်ပုံတင်ကတ်ပြားများကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် အစားထိုးလဲလှယ်နိုင်ရေး သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်၊ အချိုးကျ ကိုယ်စားပြုစနစ် (PR)ဖြင့် ကျင်းပမည့် ရွေးကောက်ပွဲများတွင် မိမိပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းခံရပြီး ပြည်နယ်ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ခွင့်ရရှိရေး ကြိုးစားဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် ပါတီတာဝန်ရှိသူများက ပါတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦး၊ ဦးခင်မောင်ဦးနှင့် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ နာယက ဦးမင်းညို၊ ဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်မြင်သံကြား(ရန်ကုန်)တွင် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေးပြီး သုဝဏ္ဏဘောလုံးကွင်းတွင် မိုခါမုန်တိုင်း သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင် ရန်ပုံငွေဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းက မြန်မာ့ရုပ်မြင်သံကြား (ရန်ကုန်)တွင် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားပြီး သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည့် မိုခါမုန်တိုင်း သဘာဝဘေး အန္တရာယ် ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင် ရန်ပုံငွေဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မာင်အုန်းသည် မေ ၁၄ ရက်က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် မြန်မာ့ရုပ်မြင်သံကြား(ရန်ကုန်)ရှိ ပင်မအဆောက်အဦမှ ခေါင်မိုးသွပ်များ ပြုတ်ထွက်ပျက်စီးခဲ့မှုအပေါ် အမြန်ရှင်းလင်း၍ ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**











ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စတူဒီယို-အေတွင် နိုင်ငံတော် သံစုံတီးဝိုင်းအား အဆင့်မြှင့်တင်နိုင်ရန် အတွက် အခြားနိုင်ငံများမှ သံစုံတီးဝိုင်းများ တီးခတ်ဖျော်ဖြေတင်ဆက်မှု ဗီဒီယိုဖိုင်ကို စုပေါင်းကြည့်ရှု၍ ဖွဲ့စည်းလေ့ကျင့်မှုနှင့် ဖျော်ဖြေတင်ဆက်မှုများအား သုံးသပ်ဆွေးနွေးပြီး အကြံပြုတင်ပြချက်များအပေါ် လမ်းညွှန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဧည့်ပရိသတ်များနှင့်အတူ မိုခါမုန်တိုင်းသဘာဝဘေး အန္တရာယ်ကျရောက်သော ဒေသများ ပြန်လည်ထူထောင်ရေးတွင် တစ်စိတ်တစ်ပိုင်း ပါဝင်ကူညီနိုင်ရန် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိသုဝဏ္ဏအားကစားကွင်း၌ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ ပူးပေါင်းကျင်းပ ပြုလုပ်သည့် ရန်ပုံငွေဘောလုံးပြိုင်ပွဲနှင့် တေးဂီတ ဖျော်ဖြေပွဲ ဒုတိယနေ့သို့ တက်ရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဘောလုံးပြိုင်ပွဲ တတိယလုပွဲ မစတင်မီ ပါဝင်ယှဉ်ပြိုင်ကြမည့် (Forever FC ) အသင်းနှင့် (Old Star FC)တို့မှ နှစ်ဖက်အသင်းသားများကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်တို့က ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များက ပန်းစည်းများ ပေးအပ်ကြသည်။

ထို့နောက် တတိယလုပွဲကို ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် နှစ်ဂိုးစီသရေကျခဲ့ပြီး ပယ်နယ်တီ အဆုံးအဖြတ်ရယူရာ(Old Star FC) အသင်းက ငါးဂိုး-လေးဂိုးဖြင့် (Forever FC) အသင်းကို အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဗိုလ်လုပွဲကိုကျင်းပရာ ပြိုင်ပွဲမစတင်မီ ပါဝင်ယှဉ်ပြိုင်ကြမည့် ရုပ်ရှင်အသင်း (Movie FC)နှင့် ဂီတအသင်း(Music FC)အသင်းတို့မှ နှစ်ဖက်အသင်းသားများကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးနေလင်းဦးတို့က ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များက ပန်းစည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ဗိုလ်လုပွဲကို ယှဉ်ပြိုင်ကစားကြရာ ဂီတအသင်း(Music FC)က နှစ်ဂိုး-တစ်ဂိုးဖြင့် ရုပ်ရှင်အသင်း(Movie FC)ကို အနိုင်ရရှိခဲ့သည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ်သိန်း ၃၀၀နှင့် စီးပွားရေး လုပ်ငန်းရှင်များက ငွေကျပ်သိန်း ၂၅၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းဦးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အသန့်ရှင်းဆုံးဆုရရှိသည့် ( Forever FC ) အသင်းနှင့် တတိယဆုရရှိသည့် (Old Star FC) အသင်းတို့ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက လည်းကောင်း၊ ဂိုးသွင်းအများဆုံးဆုရရှိသည့် ဂီတအသင်း (Music FC)မှ ကျောနံပါတ်(၁၃) အာကာကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်က လည်းကောင်း၊ ဒုတိယဆုရရှိသည့် ရုပ်ရှင်အသင်း (Movie FC)ကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပထမဆုရရှိသည့် ဂီတအသင်း (Music FC) အသင်းကို ဆုများ ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဘောလုံးပွဲမစတင်မီနှင့် ခေတ္တရပ်နားချိန်အတွင်း နိုင်ငံကျော်အဆိုတော်များ ဖြစ်ကြသည့် အိမ့်ချစ်၊ ချယ်ရီသင်း၊ ဂျင်နီ၊ အစ္စဏီ၊ ရာဝန၊ ICE COLD ၊ မိဖူး၊ နေလင်းကျော်၊ ဆိုတေး၊ Dဖြိုး၊ ဟန်သီနှင့် မီနိုတို့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြိုင်ပွဲသို့ လာရောက်အားပေးကြသည့် ဧည့်ပရိသတ်များက မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

လေးပွင့်ဆိုင် ရန်ပုံငွေဘောလုံးပြိုင်ပွဲမှ အလှူငွေ ကိုးရာငါးဆယ့်ငါးသိန်း ငါးသောင်းရရှိပြီး ရရှိသော အလှူငွေများကို မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် တရုတ်-အာဆီယံယဉ်ကျေးမှုဖိုရမ်သို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာ



**နေပြည်တော် ဇွန် ၁၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ၂၀၂၃ ခုနှစ် ဇွန် ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်မည့် (၁၈)ကြိမ် မြောက် တရုတ်–အာဆီယံ ယဉ်ကျေးမှုဖိုရမ် (18th China– ASEAN Culture Forum)သို့ တက်ရောက်ရန် ယနေ့နံနက် ၁၁နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဓာတ်ပုံ) **သတင်းစဉ်**

# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ (၂)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားများ ကျင်းပ

**နေပြည်တော် ဇွန် ၁၇**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ (၂)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် နိုင်ငံတော်အဆင့်ထူးချွန်ဆုများ ချီးမြှင့်အပ်နှင်းခြင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူများ၊ စီမံကိန်းလုပ်ငန်းများအလိုက် ဆောင်ရွက်နိုင်သူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ခြင်း၊ ဝန်ထမ်းထူးချွန်ဆုများ ချီးမြှင့်ခြင်း၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ကံစမ်းမဲများ ဖောက်ပေးခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားများသို့သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဝန်ကြီး ဦးမြင့်စိုးက အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ဘွဲ့၊ တံဆိပ်ရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက စာပေပညာထူးချွန်တံဆိပ် (ပထမအဆင့်) ရရှိသော ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ စီမံထူးချွန်တံဆိပ် (ပထမအဆင့်) ရရှိသူများ၊ စီမံထူးချွန်တံဆိပ် (ဒုတိယအဆင့်) ရရှိသူများ၊ စီမံထူးချွန်တံဆိပ်(တတိယအဆင့်) ရရှိသူများ၊ ဝန်ဆောင်စီးပွားထူးချွန် တံဆိပ်(တတိယအဆင့်) ရရှိသူများ နှင့် နည်းပညာထူးချွန်တံဆိပ် (တတိယအဆင့်) ရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက် နိုင်သူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီးက ဆုရရှိသော တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများထံ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော နေရာဒေသ(စံပြကျေးရွာ) ဆုရရှိသော ရေဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စု မြစိမ်းရောင်ကျေးရွာအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ဝန်ထမ်းများအတွက် ဝတ်စုံများ ထောက်ပံ့ပေးအပ်ရာ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူး ချုပ်များနှင့် ပါမောက္ခချုပ်များက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး (သိပ္ပံတွဲ) ပထမရရှိသူ အပါအဝင် (၆)ဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ (၅) ဘာသာဂုဏ်ထူး ရရှိသူ တစ်ဦး၊ (၄) ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ (၃) ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ (၂) ဘာသာဂုဏ်ထူးရရှိသူ ၁၃ဦး၊ (၁) ဘာသာဂုဏ်ထူးရရှိသူ ၁၂ဦးတို့အတွက် တစ်ဘာသာလျှင် ငွေကျပ် တစ်သိန်းနှုန်းနှင့် ရိုးရိုးအောင်မြင်ခဲ့သော ဝန်ထမ်း သားသမီး ကျောင်းသား ကျောင်းသူ ၄၂ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၁၆ သိန်းနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို လည်းကောင်း၊ ဝန်ကြီးဌာန(၂)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကံစမ်းမဲပေါက်ကြသော ဝန်ထမ်းများထံ လက်ဆောင်ပစ္စည်းများကို လည်းကောင်း ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဆုရရှိသူများနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစီးဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်အကောင်းဆုံးဆုရရှိသူများအတွက် ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများကို လည်းကောင်း၊ သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (သန်လျင်နှင့် စစ်ကိုင်း) တို့မှ ဝန်ထမ်းများအတွက် ဝတ်စုံများနှင့် လက်ဆောင်ပစ္စည်းများကို လည်းကောင်း ပေးအပ်သည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အကောင်းဆုံးဆုရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အကောင်းဆုံးရရှိသော မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဘက်စုံကျေးလက်ဒေသဖွံ့ဖြိုးရေး ထူးချွန်ဆုရရှိသော နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် ထူးချွန်စွာ ဆောင်ရွက်နိုင်သူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများက လက်ခံရယူကြသည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များက ဦးစီးဌာနများ၊ တက္ကသိုလ်များအလိုက် ထူးချွန်ဆုရရှိကြသူများအတွက် ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့် ကံစမ်းမဲလက်ဆောင် ပစ္စည်းများကို ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဝန်ကြီးဌာန (၂)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားတော် နာယူခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ သီရိဂန္ဓမာသပြေအေးမိုးကုတ်ဝိပဿနာကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်ဂန္ဓမာလာထံမှ ငါးပါးသီလခံယူခြင်း၊ ဆရာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ နာယူခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်သွန်းချ အမျှပေးဝေခြင်းနှင့် ဆရာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အိမ်ခြံဥယျာဉ်လုပ်ငန်းများ ထွန်းကားလာရေး နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် ရွေ့ပြောင်းဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၁၇**

ပြည်သူများ၏ လူနေမှုစနစ်ပြောင်းလဲလာမှုနှင့် လွယ်လင့်တကူ ဝယ်ယူအသုံးပြုခြင်းကို ကျင့်သားရလာမှုကြောင့် မိရိုးဖလာအလေ့အထ ကောင်းတစ်ခုဖြစ်သည့် မိမိတို့အိမ်ခြံဝင်း မြေပိုနေရာလွတ်များတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးစားသုံးမှုသည် မေးမှိန်လာလျက်ရှိရာ မြို့နယ်အလိုက် ကျေးရွာအုပ်စုများသတ်မှတ်၍ အိမ်ခြံဥယျာဉ်စိုက်ပျိုးခြင်း လုပ်ငန်းများ ပြန်လည် ထွန်းကားလာရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် ရွေ့ပြေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ တစ်မြို့နယ်လျှင် ကျေးရွာအုပ်စုတစ်အုပ်စု ရွေးချယ်၍ ကျေးရွာအုပ်စုတစ်အုပ်စုလျှင် အိမ်ထောင်စု ၅၀ အတွက် မျိုးစေ့၊ ပျိုးပင်၊ ပျိုးပန်း၊ သဘာဝမြေဩဇာ၊ ရေဖျန်းပုံးနှင့် ဥယျာဉ်ခြံသုံးပစ္စည်းများ၊ နည်းပညာပေးလက်ကမ်းစာစောင်နှင့် စာအုပ်များထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝ နည်းပညာဌာနခွဲညွှန်ကြားရေးမှူး ဦးမျိုးဇော်ထံမှ သိရသည်။

ဇွန် ၆ ရက်တွင် ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာနှင့် ဇွန် ၈ ရက်တွင် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာတို့၌ အိမ်ခြံဥယျာဉ်စိုက်ပျိုးခြင်းနည်းပညာ ဆွေးနွေးပွဲများကို ကျင်းပရာ ကျေးရွာနေမိသားစုများ၊ တောင်သူများ တက်ရောက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက အိမ်ခြံဥယျာဉ်စိုက်ပျိုးခြင်းဆိုင်ရာ နည်းစနစ်များနှင့် အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးခြင်း၊ အိမ်ခြံဥယျာဉ် စိုက်ပျိုးမည့် အိမ်ခြံများအား ကွင်းဆင်းကြည့်ရှုခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**

# မိုခါအလွန် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့ (၃)

ထက်မြတ်

*(ယမန်နေ့မှအဆက်)*

**ရခိုင်ပြည်နယ်တစ်ခုလုံးမှာ မေ ၁၆ ရက် နောက်ပိုင်း သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် လာရောက်ပြသသူ ၈၁၅ ဦးရှိပြီး ဆေးရုံတက်ရောက်ကုသရသူ ၁၁ ဦးသာရှိပါတယ်။**

ကျန်းမာရေးကဏ္ဍနဲ့ဆက်စပ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ပူးပေါင်းဆောင်ရွက်မှုတစ်ခုကိုလည်း ပြောပြချင်ပါသေးတယ်။

လူသားတိုင်းအတွက် သောက်သုံးရေက အရေးကြီးတဲ့အလျောက် မုန်တိုင်းတိုက်ခတ်ပြီဆိုရင် သောက်သုံးရေကန်များသည်လည်း အမှိုက်များ၊ အပင်များ၊ တိရစ္ဆာန်အသေကောင်များ ကျရောက်ပြီး ပျက်စီးသွားလေ့ရှိပါတယ်။

ဒီလိုအခြေအနေတွေကနေ သောက်သုံးရေကန်တွေကို ပြန်လည်အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးသူကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနပါပဲ။

နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများဟာ ရခိုင်ပြည်နယ်အတွင်းရှိ သောက်သုံးရေကန် စုစုပေါင်း ၂၂၀ ထဲမှာကျရောက်နေတဲ့ အမှိုက်များ၊ သစ်ပင်ကြီးများ၊ တိရစ္ဆာန်အသေကောင်များ ဖယ်ရှားရှင်းလင်းပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။




တပ်မတော်သားများက မုန်တိုင်းဒဏ်သင့်ပြည်သူများအား သောက်သုံးရေများ ပေးဝေနေစဉ်။



မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

ဒ့ါအပြင် နောင်မှာအလားတူဖြစ်စဉ်မျိုး မဖြစ်ရလေအောင် ကန်ပေါင်များကိုလည်း အတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးခဲ့ပါသေးတယ်။

နောက်တစ်ခုက သောက်ရေ၊ သုံးရေလိုအပ်ချက်ကို တပ်မတော်နဲ့အရပ်ဘက်တို့မှ ရေသန့်ယာဉ်များ၊ ရွှေ့လျားရေသန့်စက်များဖြင့် ဖြန့်ဖြူးဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ခဲ့သလို သုံးရေအတွက်လည်း ရေကားများဖြင့် ပို့ဆောင်ပေးခဲ့တာတွေ့ရပါတယ်။

**ရေသန့်ထုတ်ယူ ဖြန့်ဖြူးပေးနိုင်မှုအပိုင်းနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ရခိုင်ပြည်နယ်မှာ ရေသန့်စင်ကားခြောက်စီးဖြင့် တစ်နာရီလျှင် ရေသန့်စင်နှုန်းဂါလန် ၅၀၀ မှ ၉၀၀ ကြား ထုတ်ယူဖြန့်ဖြူးပေးလျက်ရှိရာ ဇွန်လ ၁ ရက်အထိ စုစုပေါင်း ရေသန့် ၃၀၄၉၁၉ ဂါလန်ကို ထုတ်ယူဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာ တပ်မတော်က စေလွှတ်ပေးထားတဲ့ တစ်နာရီလျှင် ဂါလန် ၈၈၀ သန့်စင်ပေးနိုင်တဲ့ မော်တော်ယာဉ် သုံးစီး၊ ဂါလန် ၅၀၀ သန့်စင်ပေးနိုင်တဲ့ ယာဉ်နှစ်စီး၊ ဂါလန် ၄၀၀ သန့်စင်ပေးနိုင်တဲ့ ယာဉ်တစ်စီး စုစုပေါင်း ယာဉ်ခြောက်စီးနဲ့ သောက်သုံးရေကို စစ်တွေ၊ ရသေ့တောင်၊ မောင်တော၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းမြို့တို့မှာ သန့်စင်ဖြန့်ဝေပေးနေပါတယ်။**

ဒ့ါအပြင် ရေသန့်ထွက်ရှိနှုန်း တစ်နာရီလျှင် ဂါလန် ၂၀၀ မှ ၃၀၀ ကြားရှိတဲ့ နေရောင်ခြည်စွမ်းအင်သုံး ရွှေ့လျားရေသန့်စင်စနစ် သုံးစုံ အသုံးပြုပြီး မေလ ၂၈ ရက်မှစတင်၍ ရေသန့်ဖြန့်ဝေခဲ့ရာ ဇွန်လ ၁ ရက်အထိ စုစုပေါင်းရေသန့်ဂါလန် ၂၆၀၀ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

အဲဒီရေသန့်စက်တွေထဲကမှ Life Straw ရေသန့်စင်စက်တွေဆိုရင် လျှပ်စစ်ဓာတ်အား အသုံးပြုရန်မလိုဘဲ ရွှေ့ပြောင်းသယ်ယူအသုံးပြုနိုင်တဲ့ အမျိုးအစားဖြစ်ပါတယ်။ ဒီစက်တွေက ချောင်းအတွင်းမှ သဘာဝရေကိုပင် ကောင်းစွာသန့်စင်ပေးနိုင်ပြီး ကြည်လင်သန့်ရှင်းတဲ့သောက်သုံးရေကို တစ်နာရီလျှင် ၁၅ လီတာမှ လီတာ ၂၀ အထိ ထုတ်ပေးနိုင်တာကြောင့် စက်တစ်လုံးတည်းနဲ့တင် တစ်ရက်ကို လူဦးရေ ၁၀၀ အတွက် သောက်သုံးရေ လုံလောက်စွာ ထုတ်ပေးနိုင်စွမ်းရှိတာကိုလည်း တွေ့ရပါတယ်။ လက်ရှိမှာတော့ အဲဒီရေသန့်စနစ် အလုံး ၂၁၀ ကို အသုံးပြုလျက်ရှိပါတယ်။

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်ပြီးနောက် အစိုးရနဲ့တာဝန်ရှိသူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ပြည်သူတစ်ယောက်အနေနဲ့ကြည့်ရင် အပြစ်ဆိုဖွယ်ရာမရှိအောင် အားရကျေနပ်မိပါတယ်။

**စိုက်ပျိုးမွေးမြူရေးကဏ္ဍ**

လူသားများအတွက် အရေးကြီးအခန်းကဏ္ဍတစ်ခုဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍကိုလည်း နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူများက မေ့လျော့ထားခြင်းမရှိဘဲ ဆောင်ရွက်ခဲ့တာကိုတွေ့ရမှာပါ။

အင်အားပြင်းထန်စွာ တိုက်ခတ်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ကြောင့် စိုက်ပျိုးရေးလုပ်ငန်းသုံးကျွဲ၊ နွားများအပြင် မွေးမြူရေးတိရစ္ဆာန်များလည်း သေဆုံးခဲ့ပါသေးတယ်။

**လက်ရှိအချိန်အထိ ကောက်ယူရရှိခဲ့တဲ့စာရင်းများအရ သေဆုံးသွားတဲ့ တိရစ္ဆာန်အကောင်ရေများက ကျွဲ ၄၅၃၆ ကောင်၊ နွား ၁၀၆၁၃ ကောင်၊ ဝက် ၃၀၇၅ ကောင်၊ ကြက် ၁၄၇၇၅၂ ကောင်၊ ဘဲ ၉၁၉၄ ကောင်၊ ဆိတ်၊ သိုး၊ ငုံးအပါအဝင် အခြားတိရစ္ဆာန် ၂၇၅၃ ကောင် ရှိတယ်လို့ သိရပါတယ်။**

ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှ ခိုင်းကျွဲတစ်ကောင်လျှင် ၁၅ သိန်းနှုန်းနဲ့ကျွဲကောင်ရေ ၁၁၆ ကောင်ကို ကနဦးဝယ်ယူဖြည့်တင်းပေးသွားဖို့ စီစဉ်ထားပါတယ်။

ဒ့ါအပြင် ဒီခေတ်ဒီကာလဟာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲလာတဲ့ခေတ်ဖြစ်တာကြောင့် စပါးစိုက်ပျိုးနိုင်ရန် လယ်ထွန်ဖို့အတွက် ထွန်စက်များလိုအပ်ပါတယ်။

**ဒီအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့အညီ တာဝန်ရှိသူများက လယ်ထွန်စက်များကိုပေးပို့ခဲ့ရာ စက်မှုလယ်ယာဌာနမှ လယ်ထွန်စက် ၃၃ စီးက ဇွန် ၁ ရက်မှာ ရခိုင်ပြည်နယ်သို့ရောက်ရှိခဲ့ပြီး ဖြစ်ပါတယ်။ ပြည်နယ်အတွင်းမှာ ယခင်ကျန်ရှိတဲ့ ထွန်စက် ၄၇ စီးနဲ့ပေါင်းလိုက်ရင် စုစုပေါင်းထွန်စက် အစီး ၈၀ အထိ ရှိလာပါပြီ။ လယ်ထွန်စက်တစ်စီးရဲ့ လုပ်ဆောင်နိုင်စွမ်းက တစ်ရာသီမှာ အနည်းဆုံး လယ်ဧက ၂၂၀ ကို ထွန်ယက်ပေးနိုင်မှာဖြစ်လို့ စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ မောင်တော မြို့နယ်တို့မှာရှိတဲ့ လယ်များအတွက် ထွန်ယက်ခြင်းလုပ်ငန်းအပေါ် အကောင်းဆုံး အထောက်အပံ့ပေးနိုင်မှာ ဖြစ်ပါတယ်။**

နောက်တစ်ခုက လယ်မြေတွေထဲကို ပင်လယ်ရေငန်တွေမဝင်ရောက်နိုင်အောင် တားဆီးကာကွယ်ပေးထားတဲ့ ရေငန်တားတာများ ကျိုးပေါက်မှုအခြေအနေဖြစ်ပါတယ်။ *စာမျက်နှာ ၁၁ သို့*



တပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေစဉ်။

## ရခိုင်ပြည်နယ်အတွင်း မိုဘိုင်းဖုန်းဆက်သွယ်မှုရရှိမှုအခြေအနေ

ရက်စွဲ၊ ၁၄-၆-၂၀၂၃

| အော်ပရေတာအမည် | ရှိရင်း ရေဒီယိုစခန်း | ပြင်ဆင်တည်ဆောက်မှုအခြေအနေ | | | |
|---|---|---|---|---|---|
| | | ချို့ယွင်း | ပြင်ဆင်ပြီး | ပြင်ဆင်ရန်ကျန် | ကောင်းမွန်ပြီး (%) |
| မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT) | ၄၃၇ | ၃၉၇ | ၃၉၁ | ၆ | ၉၈.၄၉ % |
| Telecom International Myanmar Co.,Ltd. (MyTel) | ၃၈၀ | ၁၈၆ | ၁၈၄ | ၂ | ၉၈.၉၂ % |
| Atom Myanmar Limited (ATOM) | ၂၆၂ | ၂၄၄ | ၂၄၀ | ၄ | ၉၈.၃၆ % |
| Ooredoo Myanmar Limited (Ooredoo) | ၁၅၄ | ၇၇ | ၇၇ | | ၁၀၀ % |
| **ပြည်နယ်အတွင်း မိုဘိုင်းစခန်းပေါင်း** | **၁၂၃၃** | **၉၀၄** | **၈၉၂** | **၁၂** | **၉၈.၆၇ %** |

*စာမျက်နှာ ၁၀ မှ*

ရခိုင်ပြည်နယ်အတွင်းမှာ ဆည်မြောင်းနှင့်ရေအသုံးချရေးဦးစီးဌာနက ထိန်းသိမ်းထားတဲ့ ရေငန်တားတာ ၃၂ ခုရှိတဲ့အနက် ရေကျော်တိုက်စားခြင်းနဲ့ ကျိုးပေါက်ခြင်းဖြစ်ပေါ်ခဲ့တဲ့ ရေငန်တားတာ လေးခုရှိပါတယ်။

အဲဒီရေငန်တားတာ လေးခုကို စက်ယန္တရား ၁၇ စီးဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ရာ အခုဆိုရင် တာလေးခုစလုံး ၁၀၀ ရာခိုင်နှုန်း ပြန်လည်ကောင်းမွန်သွားပါပြီ။

**ကျိုးပေါက်လို့ ပြန်လည်ပြင်ဆင်ပေးလိုက်ရတဲ့ ရေငန်တားတာလေးခုရဲ့ အရှည်စုစုပေါင်းက မိုင်ပေါင်း ၄၄ ဒသမ ၇၂ မိုင်ဖြစ်ပြီး ရေငန်ကာကွယ်ပေးနိုင်တဲ့ဧရိယာက ၁၇၇၀၆ ဧက ရှိပါတယ်။**

အသားတိုးကြက်နဲ့ ဥစားကြက်မျိုးများကိုတော့ ရန်ကုန်နဲ့ တောင်ကြီးမြို့တို့မှ ဝယ်ယူဖြည့်တင်းသွားမှာဖြစ်သလို ဝက်မျိုးများကို နေပြည်တော်၊ ရန်ကုန်၊ ပဲခူးတို့ကနေ ဝယ်ယူဖြည့်တင်းပေးသွားမှာပါ။

ဒါ့အပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ရှိသူများပါဝင်တဲ့ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့နဲ့ မုန်တိုင်းဒဏ်သင့်ဒေသများမှ သက်ဆိုင်ရာမြို့နယ်အလိုက် ဖွဲ့စည်းထားတဲ့ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များက တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနဲ့ ဆေးကုသမှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။

**ဒီလိုကွင်းဆင်းဆောင်ရွက်ရာမှာ မေလ ၂၁ ရက်မှ ၃၁ရက်အထိ ကျွဲ၊ နွား ၃၂၄၃ကောင်ကို လည်ချောင်းကွဲရောဂါနဲ့ ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးများထိုးခြင်း၊ ဝက်အကောင် ၆၀ ကို ဝက်ပလိပ်ရောဂါနဲ့ ဝက်ဝမ်းကျရောဂါကာကွယ်ဆေးများထိုးခြင်းတို့အပြင် ထိခိုက်ဒဏ်ရာရပြီး နာမကျန်းဖြစ်နေတဲ့ ကျွဲ၊ နွား ၅၆၇ ကောင်၊ ဝက် ၆၉ ကောင်နဲ့ ဆိတ် ၁၀ ကောင်တို့ကို ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။**

**ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်ချိန်မှာ ရခိုင်ပြည်နယ်အတွင်းရှိ ငါးကန်များ ပျက်စီးမှုမရှိဘဲ ပုစွန်မွေးမြူရေးကန် ၃၉၁၉၅ ဒသမ ၅၉ ဧကနဲ့ ကဏန်းမွေးမြူရေးကန် ၂၁၈ ဒသမ ၂၈ ဧက ပျက်စီးကာ ကျပ်သန်းပေါင်း ၁၃၆၁၈ ဒသမ ၈၁ သန်း ဆုံးရှုံးခဲ့ပါတယ်။**

ရခိုင်ပြည်နယ်မှာ ပုစွန်သားဖောက်စခန်း သုံးခုရှိပြီး အဲဒီကနေ ပုစွန်သားပေါက်များကို ပံ့ပိုးပေးသွားနိုင်ပါတယ်။ ပျက်စီးသွားတဲ့ ကဏန်းကန်တွေကလည်း သဘာဝမှတစ်ဆင့် စုဆောင်းရရှိတဲ့ ကဏန်းများကို ကဏန်းပျော့အဖြစ် မွေးမြူတဲ့ကန်တွေဖြစ်တာကြောင့် အခုဆိုရင် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နေပါပြီ။

အခုလိုမျိုး မုန်တိုင်းဝင်ရောက်လို့ လယ်ယာမြေများပျက်စီးသွားတဲ့အတွက် အဲဒီဒေသတွေမှာ နေထိုင်သူတွေ ထမင်းငတ်တော့မှာပဲလို့ မထင်လိုက်ပါနဲ့။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်သူတွေတစ်ယောက်မှ ထမင်းမငတ်အောင် ကြိုတင်စီစဉ်ဆောင်ရွက်ပေးထားတာကို တွေ့ရပါတယ်။

စားသုံးသူရေးရာဦးစီးဌာနက နိုင်ငံတော်အရန်ဆန် တန်ချိန် ၁၀၀၀၀ (ဆန်အိတ် နှစ်သိန်း) ကို အမြန်ဆုံးဝယ်ယူစုဆောင်းထားရှိခဲ့ပါတယ်။

**ဒါ့အပြင် စိုက်ပျိုးရေးဦးစီးဌာနက မုန်တိုင်းဝင်ရောက်ပြီးနောက် စိုက်ပျိုးရေးလုပ်ငန်းများမှာ ပျက်စီးဆုံးရှုံးမှုတွေဖြစ်ပေါ်လာရင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်စေရေးအတွက် ဆန်အရန်ရိက္ခာ တင်း ၄၆၀၆၀၊ မျိုးစပါး ၁၀၄၄၃၈ တင်း၊ သီးနှံမျိုးစေ့၊ နေကြာ၊ ပဲတီစိမ်း၊ နှမ်း စုစုပေါင်း တင်း ၅၅၇၂၀၊ ဝါ ပိဿာ ၁၂၀၀၀၀၊ ဓာတ်မြေသြဇာအိတ် ၄၂၈၀၀၊ သီးနှံသိုလှောင်ရုံ ၁၅၃ ရုံ ပြင်ဆင်ထားခဲ့ပါတယ်။**

ဒါကြောင့် စိုက်ပျိုးမွေးမြူရေးနဲ့ပတ်သက်လာရင် ပြည်သူတစ်ဦးတစ်ယောက်မျှ ထမင်းမငတ်စေရဘူးဆိုတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့စေတနာကို အခုလိုအချိန်မှာ သိသိသာသာမြင်တွေ့လိုက်ရတာဟာ ကျွန်တော့်အတွက်တော့ နှလုံးပီတိဂွမ်းဆီထိဆိုသလိုပါပဲ။

ဒါ့အပြင် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနဲ့ ဌာနဆိုင်ရာဝန်ထမ်းများရဲ့ စားသောက်ရေးအဆင်ပြေစေရေးနဲ့ မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းတွေကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ရေးတို့အတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနဲ့ တာဝန်ရှိသူတွေက ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ဥအမျိုးမျိုးနဲ့ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ အခြေခံလူသုံးကုန်ပစ္စည်းများ၊ တပ်မတော်စက်ရုံများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့က ထုတ်လုပ်တဲ့ ခေါက်ဆွဲခြောက်၊ ဘီစကွတ်နဲ့ စည်သွတ်ဘူးများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနဲ့ အိမ်ဆောက်ပစ္စည်းတွေကို ပြင်ပပေါက်ဈေးထက် သက်သာတဲ့ဈေးနှုန်းတွေနဲ့ ရောင်းချပေးခဲ့ပါသေးတယ်။

ဒီလိုရောင်းချပေးခြင်းကြောင့် ဒေသခံပြည်သူများနဲ့ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူခဲ့ကြတဲ့အပြင် အခုလို စားရေး၊ သောက်ရေး အခက်အခဲဖြစ်ပေါ်နေတဲ့အချိန်မှာ သက်သာတဲ့ ဈေးနှုန်းတွေနဲ့ ရောင်းချပေးမှုအပေါ် ကျေးဇူးအထူးတင်ကြတယ်လို့လည်း သိရပါတယ်။

**အဲဒီလိုရောင်းချပေးမှုကနေ မေလ ၂၁ ရက်မှ ဇွန်လ ၄ ရက်အထိ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၄၃၃ သိန်းကျော် တန်ဖိုးရှိတဲ့ စားသောက်ကုန်ပစ္စည်းတွေ၊ အခြေခံလူသုံးကုန်ပစ္စည်းတွေ၊ ပြန်လည်ထူထောင်ရေးအသုံးအဆောင်ပစ္စည်းတွေကို ရောင်းချပေးနိုင်ခဲ့ပါတယ်။**

ဒီငွေကြေးပမာဏကိုကြည့်မယ်ဆိုရင် မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ ပြည်သူတွေအတွက် များစွာသောသက်သာမှုဖြစ်ပေါ်စေခဲ့တယ်ဆိုတာကို အတိုင်းသားမြင်တွေ့နိုင်မှာပါ။

**ဆက်သွယ်ရေးကဏ္ဍ**

မုန်တိုင်းတိုက်ခတ်ချိန်နဲ့ မုန်တိုင်းတိုက်ခတ်ပြီးနောက် အရေးအကြီးဆုံးလိုအပ်ချက်တစ်ခုကတော့ ဆက်သွယ်ရေးပဲ ဖြစ်ပါတယ်။ ဆက်သွယ်ရေးကောင်းမှသာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နဲ့တစ်ပြေးညီလုပ်နိုင်မှာပါ။

ဆက်သွယ်ရေးမကောင်းရင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မီမလုပ်နိုင်တဲ့အတွက် လူသေဆုံးမှုနှုန်းလည်း မြင့်တက်လာနိုင်ပါတယ်။

**မုန်တိုင်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့မှာရှိတဲ့ မီတာ ၁၀၀ အမြင့်ရှိ ထပ်ဆင့်လွှင့်ဆက်သွယ်ရေးတာဝါတိုင်ကြီးတစ်တိုင် လဲကျသွားတဲ့ဗီဒီယိုဖိုင်ကို အွန်လိုင်းပေါ်ကနေ တွေ့လိုက်ရပါတယ်။**

ဒါဟာ အွန်လိုင်းပေါ်မှာ မြင်တွေ့လိုက်ရတဲ့ ဗီဒီယိုပဲရှိပါသေးတယ်။ အွန်လိုင်းပေါ်မတက်လာဘဲ **လဲကျသွားတဲ့ ဆက်သွယ်ရေးတာဝါတိုင်ကြီးတွေလည်းရှိပါတယ်။ စစ်တွေမြို့ပေါ်မှာပဲ မီတာ ၆၀ အမြင့်ရှိတဲ့ ရုပ်သံထပ်ဆင့်လွှင့်စက် တာဝါတိုင်ဟာလည်း ပြိုလဲခဲ့ရလို့ ဆက်သွယ်မှုရော ရုပ်မြင်သံကြားပါ ပြတ်တောက်ခဲ့ရပါတယ်။ နောက်ပြီး ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးအော်ပရေတာလေးခုရဲ့ မိုဘိုင်းစခန်း ၁၂၃၃ ခုရှိတဲ့အနက် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုဘိုင်းစခန်း ၉၀၄ ခု ဆက်သွယ်မှုပြတ်တောက်ခဲ့ပြီး စခန်း ၃၂၉ ခုနဲ့သာ ဝန်ဆောင်မှုပေးခဲ့နိုင်ပါတယ်။**

ဒီနေရာမှာ ဆက်သွယ်ရေးပြန်လည်ရရှိရေးအတွက် တာဝန်ရှိသူများရဲ့ စွမ်းဆောင်ရည်က အံ့မခန်းလောက်စရာပါပဲ။ ဘာကြောင့်လဲဆိုရင် နေ့လယ်ပိုင်းမှာ မုန်တိုင်းဝင်သွားတယ်။ ညနေပိုင်းကျတော့ ဆက်သွယ်ရေးရအောင် ဆောင်ရွက်ပေးနိုင်တဲ့အတွက်ပါပဲ။

အထူးသဖြင့် Satellite Terminal (B2B) များကို စစ်တွေမြို့၊ ကျောက်ဖြူမြို့၊ ဘူးသီးတောင်မြို့၊ ရသေ့တောင်မြို့နှင့် ပေါက်တောမြို့တို့အပြင် ချင်းပြည်နယ်တို့ကိုပါ ပို့ဆောင်တပ်ဆင်စေပြီး တစ်မြို့လျှင် ဖုန်းလိုင်းလေးလိုင်းဖြင့် ဆက်သွယ်ခေါ်ဆိုရရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒါတင်မကသေးပါဘူး။ ရွေ့လျားမိုဘိုင်းယာဉ်ငါးစီးကို မုန်တိုင်းဝင်ရောက်မယ့်ဒေသတွေမှာ ကြိုတင်ပို့ဆောင်ထားခဲ့တဲ့အတွက် မုန်တိုင်းဝင်ရောက်ပြီးချိန်မှာ အရေးပေါ်ဆက်သွယ်မှုကွန်ရက်ကို ရရှိခဲ့ပါသေးတယ်။

မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးနောက် မေလ ၁၅ ရက်မှစပြီး မုန်တိုင်းကြောင့် ဆက်သွယ်မှုပြတ်တောက်ခဲ့တဲ့ မိုဘိုင်းရေဒီယိုဆက်သွယ်ရေးစခန်းများကို တာဝန်ရှိသူများနဲ့အတူ သက်ဆိုင်ရာဆက်သွယ်ရေးအော်ပရေတာများက လူအင်အားစုစုပေါင်း ၄၂၂ ဦးနဲ့ အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ပါတယ်။

**ဒါကြောင့် မိုဘိုင်းစခန်းပေါင်း ၁၂၃၃ ခုအနက် ၁၂၂၁ ခုဟာ ဇွန်လ ၁၄ ရက်မှာ ပုံမှန်လုပ်ငန်းများကို အပြည့်အဝလုပ်ဆောင်နိုင်ပြီဖြစ်သလို ကျန်ရှိတဲ့ စခန်း ၁၂ ခုကိုလည်း အမြန်ဆုံးပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။**

နောက်တစ်ခုက လမ်းပန်းဆက်သွယ်ရေးပါ။ မုန်တိုင်းတိုက်ခတ်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေးကလည်း အလွန်အရေးကြီးပါတယ်။

ဒီအတွက်ကြောင့် နိုင်ငံတော်အကြီးအကဲများရဲ့လမ်းညွှန်ချက်နဲ့အညီ သက်ဆိုင်ရာတာဝန်ရှိသူများက ယန္တရား ၂၁၉၁ စီးအထိနဲ့ တံတားများပျက်စီးပါက ဘေလီတံတားများ အလျင်အမြန်တည်ဆောက်နိုင်ဖို့ ဘေလီသံပေါင်နဲ့ ဆက်စပ်ပစ္စည်းများကို ကြိုတင်စုဖွဲ့ထားရှိခဲ့ပါတယ်။

**အဲဒီနောက် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားတဲ့ စစ်တွေ-ပလ္လင်ပြင်လမ်းပေါ်မှ အရှည်ပေ ၁၀၀ ရှိ သဲချောင်းတံတားကို အရှည်ပေ ၁၄၀ ရှိတဲ့ ဘေလီတံတားအဖြစ် တည်ဆောက်ခြင်း၊ ပေ ၄၀ အရှည်ရှိတဲ့ တံတားတစ်စင်းကို ပေ ၆၀ အရှည်ရှိတဲ့ ဘေလီတံတားအဖြစ် တည်ဆောက်ခြင်းတို့ကို မေလ ၂၁ ရက်မှာ အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။**

ဒါ့အပြင် ပျက်စီးသွားတဲ့လမ်းများ၊ ပိတ်ဆို့နေတဲ့လမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စက်ယန္တရားများဖြင့်လည်းကောင်း၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများရဲ့လုပ်အားနဲ့ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းအပါအဝင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး ကြိုးပမ်းချက်များကို အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။

တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားတဲ့ ကူညီကယ်ဆယ်ရေးအဖွဲ့များဟာ ဆိုရင်လည်း ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့မှာရှိတဲ့ မုန်တိုင်းဒဏ်သင့်ဒေသတွေမှာ ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ဖို့အတွက် ချီတက်ရာ လမ်းကြောင်းတစ်လျှောက် သစ်ပင်၊ သစ်ကိုင်းများ ပိတ်ဆို့လဲကျနေမှုတွေကို ဖယ်ရှားရှင်းလင်းခြင်း၊ မြေပြိုပိတ်ဆို့မှုတွေကို ရှင်းလင်းခြင်းတို့ပြုလုပ်ပြီး အမြန်ဆုံးရောက်ရှိနိုင်ရေး ကုန်းလမ်း၊ ရေလမ်းတို့မှ ချီတက်ခဲ့ရတာပါ။

လက်ရှိအချိန်ထိလည်း တပ်မတော်သားများဟာ သဘာဝဘေးဒဏ်သင့်ဒေသတွေမှာ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ ကူညီကယ်ဆယ်ရေးအဖွဲ့တွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ဒေသခံပြည်သူလူထုတွေနဲ့အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်လျက်ရှိတာကို တွေ့မြင်နေရပါတယ်။

တပ်မတော်သားတွေအနေနဲ့ အခုလို ကူညီကယ်ဆယ်ရေးမှာ ပါဝင်ဆောင်ရွက်ပေးမှုတွေကို ကျွန်တော်တို့အနေနဲ့ မြင်တွေ့ရတဲ့အခါ နိုင်ငံတော်ရဲ့ မည်သည့်အရပ်ဒေသမှာ အရေးကြုံလာသည်ဖြစ်စေ ရှေ့ဆုံးကနေ ရောက်ရှိကူညီပေးခဲ့တဲ့ နိုင်ငံရဲ့ တစ်ခုတည်းသော တပ်မတော်ရဲ့ ပြည်သူသာအမိ၊ ပြည်သူသာအဖဆိုတဲ့ ခံယူချက်၊ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ထားတဲ့ ရပ်တည်ချက်နဲ့ နိုင်ငံတော်အပေါ်ထားရှိတဲ့ စေတနာ၊ မေတ္တာတွေဟာ ဒီလိုပါလားလို့ ခံစားမိစေပါတယ်။

**လျှပ်စစ်မီးရရှိရေးကဏ္ဍ**

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရာမှာ အရေးအကြီးဆုံးလုပ်ဆောင်ရမယ့်လုပ်ငန်းတစ်ခုကတော့ လျှပ်စစ်မီးရရှိရေးလုပ်ငန်းပဲဖြစ်ပါတယ်။

အရင်တုန်းကတော့ လျှပ်စစ်မီးမရှိရင် ဖယောင်းတိုင်ထွန်းပြီးနေလို့ရပေမယ့် ဒီကနေ့ ခေတ်မှာတော့ လူသုံးကုန်ပစ္စည်းများမှသည် စက်ယန္တရားကြီးများလည်ပတ်မှုအထိ လျှပ်စစ်မရှိရင်မရတော့တဲ့ အခြေအနေဖြစ်တာကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းထဲမှာ လျှပ်စစ်မီးရရှိရေးလုပ်ငန်းကလည်း အရေးကြီးတယ်လို့ ပြောရတာပါ။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ် (၂၀၂၃) သို့တက်ရောက်



နေပြည်တော် ဇွန် ၁၇

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ယမန်နေ့နံနက်ပိုင်းက စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ် ၂၀၂၃(SPIEF'23)တတိယနေ့ အခမ်းအနားသို့ တက်ရောက်သည်။** (ယာပုံ)

ပြည်ထောင်စု ဝန်ကြီးသည် Role of the Nuclear Industry in "Achieving Technological Sovereignty and Technologies of the future " ခေါင်းစဉ်ဖြင့် ကျင်းပသည့် မျက်နှာစုံညီ အစည်းအဝေးသို့တက်ရောက်ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက Nuclear Industry သည် Technological Sovereignty ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်ရန်နှင့် အနာဂတ်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာရေးတို့တွင် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်ပါကြောင်း၊ Nuclear Industry သည် သိပ္ပံပညာရပ်များတွင် တိုးတက်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများကို ကျော်လွှားရန်အတွက် များစွာ အထောက်အကူ ဖြစ်စေကြောင်း၊ Nuclear Technology ကို ဓာတ်အား ထုတ်လုပ်သည့်နေရာ၌ သာမက အခြားကဏ္ဍများတွင်လည်း အသုံးချ ဆောင်ရွက်လျက်ရှိကြောင်း၊ နျူကလီးယား ဓာတ်အားပေး စက်ရုံများ၏ Safety နှင့် Efficiency တိုးတက်မြင့်မားလာမှုသည် ရေရှည်အသုံးပြုနိုင်မှုကို မြင့်တင်ပေးနိုင်သကဲ့သို့ ဆေးပညာ၊ စက်မှု၊ စိုက်ပျိုးရေးနှင့် အာကာသသို့ သွားရောက် စူးစမ်းရှာဖွေမှုစသည့် ကဏ္ဍအမျိုးမျိုးတွင်လည်း ဖွံ့ဖြိုးတိုးတက်အောင် များစွာ အထောက်အကူ ပြုလျက်ရှိကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက် ကင်းစင်သည့် Global Economy အတွက် ယနေ့ Fossil Fuel အပေါ် မှီခိုနေသည့် ကဏ္ဍအားလုံးတွင် ကာဗွန်ဒိုင်အောက်ဆိုက်ကို လျှော့ချသွားရန်လိုကြောင်း၊ ယင်းအခြေအနေကို ရောက်ရန်အတွက် Nuclear Energy သည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ Nuclear Energy သည် ရေအားပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံး ကာဗွန်ဒိုင်အောက်ဆိုက် မထုတ်လွှင့်သည့် စွမ်းအင်အရင်းအမြစ်ဖြစ်ကြောင်း၊ Technological Sovereignty ရရှိရန်အတွက် Nuclear Industry တွင် သုတေသန ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ ပညာရေးနှင့် လေ့ကျင့်ရေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လိုအပ်ကြောင်း၊ မျိုးဆက်သစ် သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် အတတ်ပညာရှင်များကို ပြုစုပျိုးထောင်ပေးရန်လိုကြောင်း၊ နျူကလီးယား၊ သိပ္ပံနှင့် နည်းပညာ ကဏ္ဍများတွင် အသိပညာနှင့် စွမ်းဆောင်ရည်များကို လူငယ်များအား ဖြည့်ဆည်းပေးခြင်းအားဖြင့် စဉ်ဆက်မပြတ် တိုးတက်နေသည့် အနာဂတ်ဆီသို့ တက်လှမ်းနိုင်မည် ဖြစ်ကြောင်း၊ Nuclear Power ကို လက်ခံယုံကြည်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် အနာဂတ်မျိုးဆက်သစ်ပညာရှင်များကို ပျိုးထောင်ပေးခြင်းအားဖြင့် Nuclear Industry ၏ နည်းပညာဆိုင်ရာ အလားအလာများကို ဖော်ထုတ်ရယူနိုင်မည် ဖြစ်သည့်အတွက် သာယာဝပြောပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်နေသည့် Technological Sovereignty ရှိသည့် အနာဂတ်ဆီသို့ လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Nova Wind JSC နှင့်အတူ System Operator of the United Power System , Joint – stock Company ၏ Chairman of the Management Board , Mr. Ferdor Opadchiy နှင့် တွေ့ဆုံ၍ ဓာတ်အားစနစ် တည်ငြိမ်စွာ ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် Power System Planning အပိုင်းတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

သတင်းစဉ်



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်စိုက်ပျိုး

**မန္တလေး ဇွန် ၁၇**

၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို အောင်မြေသာစံမြို့နယ် ကုသိုလ်တော်ဘုရားပရိဝုဏ်အနီး၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်တို့မှ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ အသင်းအဖွဲ့များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကာ အတူတကွ အရိပ်ရပင်များ စိုက်ပျိုးပြီး**(အပေါ်ပုံ)** နောက် သစ်ပင်များစိုက်ပျိုးနေမှုများကို လိုက်လံအားပေးသည်။

သစ်ပင်စိုက်ပျိုးပွဲတော်အား မန္တလေးမြို့တော် စိမ်းလန်းစိုပြည်သာယာလာစေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေရန်၊ ပြည်သူလူထုများအကြား သစ်ပင်စိုက်ပျိုးရေး အသိပညာ တိုးတက်ပျံ့နှံ့စေရန်၊ သစ်တောသစ်ပင်များကို ချစ်ခင်တတ်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး ခရေ၊ တမာ၊ မယ်ဇယ်၊ သစ်မျိုး စုစုပေါင်း ၃၀၀ အား စိုက်ပျိုးကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၃ ခုနှစ် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးပွဲ (၃၂) ကြိမ် ကျင်းပစိုက်ပျိုးသွားမည်ဖြစ်ပြီး ယနေ့အထိ (၁၂) ကြိမ် ကျင်းပစိုက်ပျိုးပြီးဖြစ်ကြောင်း၊ မိုးရာသီတွင် စီးပွားရေးစိုက်ခင်း ဧက ၁၁၁၀၊ ရေဝေရေလဲစိုက်ခင်း ဧက ၁၅၀၊ ကျေးရွာထင်းစိုက်ခင်း ဧက ၄၇၀ တည်ထောင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၁၄၃၇၇၂၀ နှင့် လူထုဖြန့်ပျိုးပင်ပေါင်း ၁၂၀၀၀၀၀ စုစုပေါင်း ပျိုးပင်ပေါင်း ၂၆၃၇၇၂၀ တို့ကို စိုက်ပျိုးဖြန့်ဝေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဇွန် ၁၇**

ဇွန် ၁၄ ရက် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဝန်ထမ်းများနှင့် ပြင်ပမှ စေတနာ သွေးလှူရှင်များသည် ဇွန် ၁၆ ရက်တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တနင်္သာရီ၊ မကွေး၊ ကချင်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့ကြီးများရှိ သွေးဌာနများ၊ အထွေထွေ ဆေးရုံများ၌ စုပေါင်းသွေးလှူဒါန်းမှုပြုကြရာ နေပြည်တော် ခုတင်-၁၀၀၀ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ဒုတိယဝန်ကြီး များဖြစ်ကြသော ဦးအောင်ကျော်ထွန်းနှင့် ဗိုလ်မှူးချုပ် လူမွန် သွားရောက်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

စုပေါင်းသွေးလှူဒါန်းရာတွင် နေပြည်တော်တွင် ၅၄ ဦး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတွင် သွေးလှူရှင် စုစုပေါင်း ၅၀၅ ဦးတို့က ပါဝင်လှူဒါန်းခဲ့ပြီး အဆိုပါ သွေးလှူဒါန်းပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဌာနကြီးမှူးများ၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှု အားပေးကာ စားသောက်ဖွယ်ရာနှင့် ဆေးဝါးများ ပေးအပ်သည်။

ထို့နောက် ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဒုတိယဝန်ကြီးများက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်း သွေးလှူဒါန်းခြင်း လှုပ်ရှားမှုများကို လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်ကစတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုအကြိမ်မှာ (၁၁) ကြိမ်မြောက် စုပေါင်းလှူဒါန်းခဲ့ပြီးဖြစ်ကာ သွေးအိတ်ပေါင်း ၁၀၀၀၀ ကျော်ကို အရေးပေါ်သွေးလိုအပ်သူများနှင့် ဆေးကုသမှုများတွင် အသုံးပြုနိုင်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်



# လပွတ္တာမြို့နယ်၌ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိ

**လပွတ္တာ ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း မိုးတွင်းကာလ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ယနေ့နံနက် ၇ နာရီက မြို့ပေါ်ရပ်ကွက်များရှိ ရေနုတ်မြောင်းများ၊ ရေဆိုးရေညစ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို လပွတ္တာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူရ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်လေးမြမြဦးမှ ဦးဆောင်ကာ ဝန်ထမ်းများက လပွတ္တာမြို့ အမှတ်(၉) ရပ်ကွက် အောင်သိဒ္ဓိလမ်း အ.လ.က ခွဲ(၉) ကျောင်းရှေ့နှင့် မြို့ပေါ်ရပ်ကွက်များရှိ ရေနုတ်မြောင်းများ၊ ရေဆိုးရေညစ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၇**
နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော် အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ကျောက်ဖြူမြို့ အဝင် ပင်လယ်ကမ်းခြေနေရာသို့ သွားရောက်၍ ကမ်းခြေသာယာလှပရေး စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုများကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

အလားတူ ဘူးသီးတောင်မြို့၌ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဘူးသီးတောင်မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် စာသင်ကျောင်းများအား သန့်ရှင်းသာယာလှပရေး၊ အမှိုက်ရှင်းလင်းခြင်း၊ သစ်ပင်၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်များ သယ်ယူနေခြင်း၊ ရေမြောင်းများရှိ အမှိုက်များ ရှင်းလင်းခြင်းများကို သွားရောက်ကြည့်ရှုအားပေးသည်။ ထို့ပြင် ငကျဉ်တောက် ကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ငကျဉ်တောက်ကျောင်း၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**





ထို့အတူ သံတွဲမြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် စိုးနိုင်ဦးနှင့် တာဝန်ရှိသူများသည် သံတွဲခရိုင် ပြည်သူ့ဆေးရုံခြံဝင်းအတွင်းရှိ ချုံနွယ်သစ်ပင်များ၊ မြက်များကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သာသနာ့ဗိမာန်၊ မြို့မဝေဠုဝန်ဘုန်းတော်ကြီးကျောင်းနှင့် ငပလီလမ်းရှိ အခြေခံပညာမူလတန်းကျောင်းတို့တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆေးဖျန်းခြင်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်အောင်မျိုးထွန်းနှင့် တာဝန်ရှိသူများသည် မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ မြက်နှင့် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်ကောက်ခြင်း၊ အမှိုက်သရိုက်များကို အမှိုက်သိမ်းကားများဖြင့် လိုက်လံသိမ်းဆည်းခြင်း၊ သတ်မှတ်နေရာ၌ စွန့်ပစ်ခြင်း၊ မီးရှို့ခြင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ချင်းပြည်နယ် မတူပီမြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ် ခင်မောင်အေးနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ တပ်နယ်ခန်းမ၌ သဘာဝဘေးဒဏ်သင့် အိမ်ထောင်စုများအတွက် ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်း

## ဂျပန်ဧကရာဇ်နှင့် မိဖုရားတို့ အင်ဒိုနီးရှားနိုင်ငံသို့ ခုနစ်ရက်ကြာခရီးစတင်

**တိုကျို ဇွန် ၁၇**
ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် မိဖုရားမာဆာကို တို့သည် အင်ဒိုနီးရှားနိုင်ငံသို့ ခုနစ်ရက်ကြာခရီးထွက်ရန် တိုကျိုမြို့မှ ထွက်ခွာသွားကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဂျပန်ဧကရာဇ်အဖြစ် ထီးနန်းဆက်ခံသည့် အချိန်မှစတင်ကာ ပထမဦးဆုံးအကြိမ်အဖြစ် ချစ်ကြည်ရေးခရီး ထွက်ခွာခြင်းလည်းဖြစ်သည်။ အိမ်ရှေ့မင်းသား၊ အိမ်ရှေ့မင်းသမီးနှင့် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါဖူမီအိုတို့က လေဆိပ်တွင်နှုတ်ဆက်ခဲ့ပြီးနောက် ဂျပန်ဧကရာဇ်နှင့်မိဖုရားတို့သည် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ဟာနီဒါလေဆိပ်မှ အစိုးရလေယာဉ်ဖြင့် ထွက်ခွာလာခဲ့သည်။

ဇွန် ၁၇ ရက် မွန်းလွဲပိုင်းတွင် ဂျကာတာမြို့အနီး ဆိုကာနို-ဟာတာ သို့ရောက်မည်ဖြစ်သည်။ ဇွန် ၁၉ ရက်တွင် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုတို့ ဇနီးမောင်နှံ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်မည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ဂျပန်ဧကရာဇ်နှင့် မိဖုရားတို့ ၁၉၉၃ ခုနှစ် လက်ထပ်ပြီးသည့် အချိန်မှစတင်ကာ သွားရောက်ခဲ့သည့်နိုင်ငံများအနက် ၁၄ နိုင်ငံမြောက်ဖြစ်သည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**



## အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း၌ ဈေးဆိုင်ခန်းပေါင်း ၂၀၀ မီးလောင်မှုဖြစ်ပွား

**ဟီရတ် ဇွန် ၁၇**
အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ်၌ ဈေးကြီးတစ်ခုမီးလောင်မှုကြောင့် ဈေးဆိုင်ခန်းပေါင်း ၂၀၀ မီးလောင်ပျက်စီးခဲ့သည်ဟု ပြည်နယ်လက်သမားသမဂ္ဂတာဝန်ခံဖြစ်သူ အဗ္ဗဒူဝါဒ်အွတ်ဒ်ဖီယက်ဇာဒါက ဇွန် ၁၇ ရက်တွင် ပြောသည်။

ကက်ဆာအီဟီရတ်ဈေးအတွင်း နံနက် ၃ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကုန်ပစ္စည်းမျိုးစုံရောင်းချသည့် ဈေးဆိုင်ပေါင်း ၂၀၀ ပျက်စီးခဲ့ရသည်။ အများစုမှာ အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများရောင်းချသည့်ဆိုင်များဖြစ်ကြပြီး အမေရိကန်ဒေါ်လာ ၁၁၆၃၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဇွန် ၁၆ ရက် ညပိုင်းက လျှပ်စစ်မီးရှော့စ်ဖြစ်မှုကြောင့် မီးစတင်လောင်ခြင်းဖြစ်ပြီး နာရီအနည်းငယ်အတွင်း မီးသတ်ဌာနမှ မီးလောင်မှုကိုထိန်းချုပ်နိုင်ခဲ့သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့် ရှိသူ အဗ္ဗဒယ်လာတစ်အင်ဆက်ဖ်က ပြောသည်။

မီးလောင်မှုကြောင့် လူသေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ခြင်းမရှိသော်လည်း ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၏ ပစ္စည်းဥစ္စာများ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ **ဆင်ဟွာ**

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန် တရုတ်အကြီးတန်းအရာရှိများနှင့် တွေ့ဆုံရန် ပေကျင်းသို့ ထွက်ခွာ



**ဝါရှင်တန် ဇွန် ၁၇**
အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်သည် တရုတ်အကြီးတန်း အရာရှိများနှင့်တွေ့ဆုံရန် ပေကျင်းသို့ထွက်ခွာလာပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ၎င်းသည် ဘိုင်ဒင်အစိုးရလက်ထက်တွင် တရုတ်နိုင်ငံသို့ သွားရောက်သည့် အဆင့်မြင့်ဆုံး ထိပ်တန်းအရာရှိလည်း ဖြစ်လာမည်ဖြစ်သည်။

ဘလင်ကန်သည် ဇွန် ၁၆ ရက် ညပိုင်းတွင် ဝါရှင်တန်အနီး လေတပ် အခြေစိုက်စခန်းမှ ထွက်လာကာ ဇွန် ၁၈ ရက်တွင် ပေကျင်းသို့ ရောက်ရှိမည်ဖြစ်ပြီး ဇွန် ၁၉ ရက်အထိ တရုတ်နိုင်ငံ၌ ရှိမည်ဖြစ်ကြောင်း သိရသည်။

ဘလင်ကန်၏ တရုတ်ခရီးစဉ်နှင့်ပတ်သက်ပြီး အသေးစိတ် ဖော်ပြထားခြင်း မရှိသော်လည်း တရုတ် နိုင်ငံခြားရေးဝန်ကြီး ကျင်ဂန်း၊ ထိပ်တန်းသံတမန် ဝမ်ယိတို့နှင့် တွေ့ဆုံသွားဖွယ် ရှိသည်။ ထို့ပြင် ၎င်းသည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်လည်း တွေ့ဆုံသွားဖွယ် ရှိကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပတ်သက်ပြီး တရုတ်တာဝန်ရှိသူများနှင့် အမြင်ချင်းဖလှယ် ဆွေးနွေးသွားဖွယ် ရှိကြောင်း သိရသည်။ ပွင့်လင်းပြီး အားကောင်းသော ဆက်ဆံရေးများကို ထူထောင်ရန်ဖြစ်ကြောင်း ဘလင်ကန်က တရုတ်နိုင်ငံသို့ ၎င်း၏ ခရီးစဉ်နှင့် ပတ်သက်ပြီး ဇွန် ၁၆ ရက်က သတင်းထောက်များအား ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ သီတဂူစက္ခုဒါန ဆေးရုံတော်ကြီး၌ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးလျက်ရှိ



**နေပြည်တော် ဇွန် ၁၇**
နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်ကြီး ဦးဆောင်ကြီးကြပ်မှုဖြင့် မျက်စိဝေဒနာရှင်များအား မျက်စိအထူးကု ဆရာဝန် ပါရဂူကြီးများက ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ သီတဂူစက္ခုဒါန ဆေးရုံတော်ကြီး၌ အခမဲ့စမ်းသပ်ကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ မျက်စိအခမဲ့စမ်းသပ်ကုသပေးနေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး(ယာဖုံ) သီတဂူဆရာတော်ဘုရားကြီးထံ အလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုကဲ့သို့ မျက်စိအခမဲ့စမ်းသပ်ကုသပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး မျက်စိဝေဒနာရှင် ၁၇၂၈ ဦးကို အခမဲ့ကုသပေးခဲ့ကာ ၎င်းတို့အနက် ခွဲစိတ်ကုသပေးရန်လိုအပ်သူ ၃၂၃ ဦးရှိကြောင်းနှင့် လာရောက် ဆေးကုသမှုခံယူသူများအား စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မကွေးမြို့အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**မကွေး ဇွန် ၁၇**
မကွေးတိုင်းဒေသကြီး သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် မြို့ပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပရေး အပတ်စဉ်(စနေနေ့တိုင်း) စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်က မကွေးမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်း ကျောင်းဝင်းအတွင်း ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် ကြည့်ရှုအားပေးသည်။

ထိုသို့ စုပေါင်းသန့်ရှင်းဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကွေးတပ်နယ်မှ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတ လူမှုအဖွဲ့အစည်းများ စုပေါင်း၍ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းရှိ မြက်ပင်များ၊ သစ်ပင်ကြီးများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ မြေများအား စက်ယန္တရားများဖြင့် စနစ်တကျ မြေညှိခြင်း စသည့် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် မကွေးမြို့ပေါ်ရပ်ကွက်များအတွင်း ရေဝပ်နိုင်သော ပစ္စည်းများအတွင်း ပိုးလောက်လန်းများ မပေါက်ပွားနိုင်စေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ပြုလုပ်ပေးသည်။ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို စုစုပေါင်းအင်အား ၂၀၀ ခန့်ဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၇**
သဘာဝ ဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ ဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပါဒလိတ်ကျေးရွာနှင့် ရေချမ်းပြင်ကျေးရွာ အတွင်းရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထို့အပြင် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ ရေချမ်းပြင်ကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များ နှင့် ပူးပေါင်း၍ ဖက်ကျကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် သောက်သုံးရေ ပေးဝေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဖက်ကျကျေးရွာရှိ မူလဘုန်းတော်ကြီးကျောင်း၌ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်တော်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျောက်တော်မြို့ရှိ မြို့မရွှေကျောင်း ဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် သောက်သုံးရေပေးဝေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပူးပေါင်း၍ သပြေကုန်းရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နယ်လှည့် ဆေးကုသရေး အဖွဲ့များက ငကျဉ်တောက်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မြောက်ဦးမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ရွှေတောင်ဘုန်းတော်ကြီးကျောင်း၌ လဲကျနေသောသစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကျောက်ပန္နူကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဇွန် ၁၇**
ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော် စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက်ဝယ်ယူ အားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# ၂၀၂၀ – ၂၀၂၃ ခုနှစ် လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများအစီရင်ခံစာ

**အေးမွန်(လေဘာ)**

မြန်မာနိုင်ငံ၏ အလုပ်အကိုင်နှင့်ပတ်သက်သော "၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အားခန့်မှန်းစာရင်းအင်းများအစီရင်ခံစာ" ကို မေလတွင် ဖြန့်ဝေခဲ့သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်ရာတွင် စာရင်းအင်းကိန်းဂဏန်းများသည် များစွာအရေးပါ ပါသည်။ စာရင်းအင်းကဏ္ဍသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သဖြင့် တိုးတက်ပြောင်းလဲနေသည့် နည်းစနစ်များဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာနသည် နိုင်ငံ၏ အလုပ်သမားရေးရာကိစ္စရပ်များအတွက် အလုပ်သမားရေးရာ စာရင်းအင်းများ စဉ်ဆက်မပြတ်ရရှိရန် ဆောင်ရွက်လျက်ရှိပြီး အလုပ်သမားရေးရာ စာရင်းအင်းများ၏ အဓိကအရင်းအမြစ်သည် လုပ်သားအင်အားစစ်တမ်း ဖြစ်ပါသည်။

**"၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အားခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာသည် လက်တွေ့လုပ်ငန်းနယ်ပယ်နှင့် စာရင်းအင်းပညာဘာသာရပ်နယ်ပယ်တို့၏ ပူးပေါင်းဆောင်ရွက်ခြင်း၏ အောင်မြင်မှုနမူနာကောင်းတစ်ရပ်ဟု မှတ်ယူနိုင်"**




လုပ်သားအင်အားစစ်တမ်း ကောက်ယူခဲ့မှု သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာမည်ဆိုပါက လုပ်သားအင်အားနမူနာစစ်တမ်းကို ရန်ကုန်မြို့နှင့် ချောက်မြို့တို့တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (International Labour Organization–ILO) အကူအညီဖြင့် ၁၉၅၇ ခုနှစ်တွင် လည်းကောင်း၊ တစ်နိုင်ငံလုံးလွှမ်းခြုံမှုရှိသော မြန်မာနိုင်ငံ လုပ်သားအင်အားစစ်တမ်းတစ်ရပ်ကို United Nations Development Programme (UNDP)၊ United Nations Population Fund (UNFPA) နှင့် ILO တို့၏ နည်းပညာ၊ ငွေကြေးအကူအညီတို့ဖြင့် ၁၉၉၀ ပြည့်နှစ်တွင်လည်းကောင်း ကောက်ယူနိုင်ခဲ့သည်။

**လုပ်သားအင်အားစစ်တမ်းများ**

အဆိုပါစစ်တမ်းများ ကောက်ယူပြီး နောက်ပိုင်းတွင် လုပ်သားအင်အားစစ်တမ်းများကို ကောက်ယူနိုင်ခဲ့ခြင်းမရှိဘဲ ခန့်မှန်းလုပ်သားအင်အားစာရင်းများကိုသာ အသုံးပြုခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံလုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်နိုင်ခဲ့သည်။ ထို့ပြင် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရန် အိမ်ထောင်စုများ၏ နေထိုင်စားသောက်စရိတ်အခြေအနေစစ်တမ်းကို ထိုနှစ်မှာပင် ကောက်ယူ၍ ထိုစစ်တမ်းပေါ်တွင် အခြေခံပြီး အနည်းဆုံးအခကြေးငွေကို သတ်မှတ်နိုင်ခဲ့ပါသည်။ လုပ်သားအင်အားစစ်တမ်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ ၂၀၁၉ ခုနှစ်အထိ တစ်နှစ်လျှင်နှစ်ကြိမ် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် လုပ်သားအင်အားစစ်တမ်းကောက်ယူခြင်းကို ပထမအကြိမ်အထိသာ ကောက်ယူနိုင်ခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် စစ်တမ်း(ဒုတိယအကြိမ်)မှစ၍ စာရင်းကောက်ယူမှုကို ရပ်နားခဲ့ရပါသည်။

လုပ်သားအင်အားစာရင်းအင်းများ စဉ်ဆက်မပြတ်ရရှိရေးရှေးရှုလျက် ၂၀၂၂ ခုနှစ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်းကို ကွင်းဆင်းကောက်ယူနိုင်ရေး ဆောင်ရွက်ရန် လျာထားခဲ့သော်လည်း ကောက်ယူရမည့် နမူနာစာရင်းကောက်ကွက်အချို့တွင် နယ်မြေအခြေအနေအရ ကွင်းဆင်းကောက်ယူရန် အခက်အခဲရှိခဲ့သဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနနှင့် ဆွေးနွေးညှိနှိုင်းကာ အသင့်လျော်ဆုံးနည်းလမ်းဖြစ်သည့် လုပ်သားအင်အားစာရင်းအင်းများကို ခန့်မှန်းတွက်ချက်ခြင်း (Projection) နည်းလမ်းသုံးရန် ဆုံးဖြတ်ခဲ့ပြီး မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ စာရင်းအင်းပညာဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့သည်။

**ခန့်မှန်းတွက်ချက်**

ထို့နောက် ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့အတွက် လုပ်သားအင်အားစာရင်းအင်းများကို ခန့်မှန်းတွက်ချက်ဖော်ထုတ်၍ အစီရင်ခံစာရေးသားထုတ်ပြန်နိုင်ရန် မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် Nay Pyi Taw State Academy စာရင်းအင်းပညာဌာနတို့မှ ပါမောက္ခဆရာ ဆရာမကြီးများက ဝန်ထမ်းများကို ၁၀-၁၀-၂၀၂၂ ရက်နေ့မှ ၃၀-၁၁-၂၀၂၂ ရက်နေ့အထိ နည်းပညာသင်တန်းပို့ချပေးခဲ့ပါသည်။ ၉-၁-၂၀၂၂ ရက်နေ့မှ ၂၀-၃-၂၀၂၃ ရက်နေ့အထိ အစီရင်ခံစာရေးသားဆောင်ရွက်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်တို့အတွက် လုပ်သားအင်အားစာရင်းအင်းများ ခန့်မှန်းတွက်ချက်ခဲ့ခြင်းကို ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း၊ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံလုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် လုပ်သားအင်အားစစ်တမ်းများမှ အချက်အလက်များအခြေခံ၍ တွက်ချက်ခဲ့ပါသည်။

**အချက်အလက်မှန်ကန်ရေး**

စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီမှ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာစံသတ်မှတ်ချက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စာရင်းအင်းဆိုင်ရာကျွမ်းကျင်သူများအား ဖိတ်ကြား၍ ၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများ (မူကြမ်း)ကို ၂၄-၂-၂၀၂၃ ရက်နေ့တွင် ရှင်းလင်းတင်ပြ၍ အကြံပြု ဆွေးနွေးချက်များရယူပြီး လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ခဲ့သည်။

၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အားခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာတွင် အခန်းရှစ်ခန်းပါဝင်ပြီး ခန့်မှန်းတွက်ချက်နည်း (Projection Method)ဖြင့် တွက်ချက်ရာတွင် အသုံးပြုခဲ့သော နောက်ခံအကြောင်းအရာများ၊ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ လုပ်သားအင်အားပါဝင်မှုနှုန်း (Labour Force Participation Rate)၊ လုပ်သားအင်အား (Labour Force)၊ အလုပ်အကိုင်နှင့် လုပ်ငန်းအမျိုးအစားအလိုက် အလုပ်လက်ရှိ (Employment)၊ အလုပ်လက်မဲ့နှုန်း (Unemployment Rate) များနှင့် ခန့်မှန်းတွက်ချက်ခြင်းနည်းများအား အသေးစိတ်ဖော်ပြထားသည်။




**ကြိမ်ဖန်များစွာ တွက်ချက်ပေးခဲ့**

စာရင်းအင်းများ ခန့်မှန်းတွက်ချက်ရာတွင် နည်းပညာကျွမ်းကျင်သော စာရင်းအင်းပညာဌာနမှ ပါမောက္ခဆရာ ဆရာမကြီးများက စာရင်းအင်းများအား လက်တွေ့အခြေအနေနှင့် အနီးစပ်ဆုံးဖြစ်စေရေး၊ ခိုင်မာမှုဖြစ်စေရေးတို့အတွက် လက်ရှိကာလအခြေအနေအား ထည့်သွင်းစဉ်းစားခြင်း၊ ၂၀၂၀ ပြည့်နှစ် လုပ်သားအင်အားစစ်တမ်း ပထမအကြိမ်ရလဒ်များနှင့် နှိုင်းယှဉ်ခြင်းဖြင့် အသင့်လျော်ဆုံး model များဖြစ်စေရန် လမ်းညွှန်မှုပေးခဲ့၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လုပ်သားအင်အားကောက်ယူပြုစုရေးဌာနခွဲမှ ဝန်ထမ်းများက စာရင်းအင်း software တစ်ခုဖြစ်သော SPSS software ကို အသုံးပြု၍ ကြိမ်ဖန်များစွာ တွက်ချက်ပေးခဲ့သည်။

ထို့ကြောင့် ၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာသည် လက်တွေ့လုပ်ငန်းနယ်ပယ်နှင့် စာရင်းအင်းပညာဘာသာရပ်နယ်ပယ်တို့၏ ပူးပေါင်းဆောင်ရွက်ခြင်း၏ အောင်မြင်မှုနမူနာကောင်းတစ်ရပ်ဟု မှတ်ယူနိုင်သည်။

ဤ ၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများအစီရင်ခံစာပါ ကိန်းဂဏန်းအချက်အလက်များကို သုတေသနပြုသူများ၊ ပြည်တွင်း/ပြည်ပမှ စာတမ်းပြုစုမည့် ဘွဲ့ယူကျောင်းသားကျောင်းသူများ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ အထူးသဖြင့် အလုပ်အကိုင်နှင့် အလုပ်သမားရေးရာမူဝါဒများ၊ စီမံကိန်းများချမှတ်ခြင်းများတွင် ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။

၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာအား ဝန်ကြီးဌာနများ၊ စာရင်းအင်းဆိုင်ရာဌာနများနှင့် စာကြည့်တိုက်များသို့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်းနှင့် အလုပ်သမားဝန်ကြီးဌာန၏ www.mol.gov.mm website တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း စာရင်းအင်းအသုံးပြုသူများ၊ မူဝါဒရေးဆွဲသူများ၊ ဗဟုသုတရှာမှီးသူများ၊ သုတေသီပညာရှင်များ အားလုံးအတွက် သတင်းကောင်းပါးအပ်ပါသည်။ ။

**၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာပါ ကိန်းဂဏန်းအချက်အလက်များကို သုတေသနပြုသူများ၊ ပြည်တွင်း / ပြည်ပမှ စာတမ်းပြုစုမည့် ဘွဲ့ယူကျောင်းသား ကျောင်းသူများ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ အထူးသဖြင့် အလုပ်အကိုင်နှင့် အလုပ်သမားရေးရာမူဝါဒများ၊ စီမံကိန်းများ ချမှတ်ခြင်းများတွင် ထိရောက်စွာ အသုံးပြုနိုင်မည်**

# မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင်ရန်ပုံငွေ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကျင်းပ၊ ပရိသတ်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေး

**ရန်ကုန်  ဇွန်  ၁၇**

မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင်ရန်ပုံငွေ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်း၌ ဆက်လက်ကျင်းပရာ ပရိသတ်များက တစ်ခဲနက်ကြည့်ရှုအားပေးကြသည်။

**သောင်းသောင်းဖြဖြအားပေး**

ပြိုင်ပွဲမစတင်မီ အနုပညာရှင်များစွာပါဝင်သော ဖျော်ဖြေရေးအစီအစဉ်ဖြင့် ညှော့်ခံရာ ရန်ပုံငွေပွဲသို့ လာရောက်ကြည့်ရှုအားပေးကြသည့် ပြည်သူများက သောင်းသောင်းဖြဖြ အားပေးကြသည်။

ယနေ့ ဗိုလ်လုပွဲစဉ်အဖြစ် ရုပ်ရှင်အသင်း (Movie FC)နှင့် ဂီတအသင်း (Music FC)၊ တတိယနေရာလုပွဲအတွက် ညွန့်ပေါင်းအသင်း (Old Star FC) နှင့် Forever FC အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပထမပွဲစဉ်ဖြစ်သော တတိယနေရာလုပွဲတွင် နေလင်းဦး၊ အောင်ကျော်ကျော်၊ စိန်အေး၊ ကြည်လွင်၊ တင်မြင့်အောင်၊ သန်းဝေ၊ ကျော်မင်း၊ အေးနိုင်၊ တင်ဝင်း၊ မောင်မောင်ဌေး၊ စိုးမြတ်မင်း၊ ရန်ပိုင်၊ အောင်မျိုး၊ မောင်မောင်မြင့်၊ မြင့်ကို၊ ထွန်းကျော်၊ မိုးကျော်၊ ကျော်မျိုးဟန်၊ ဌေးလွင်၊ ယဉ်မင်းအောင်တို့ပါဝင်သော မြန်မာ့ဘောလုံး လက်ရွေးစင်ဟောင်းများဖြစ်သည့် ညွန့်ပေါင်းဘောလုံးအသင်း (Old Star FC) နှင့် ကောင်းထက်ဇော်၊ အောင်ရေချမ်း၊ ကျော်ဆု၊ လင်းမြတ်၊ မာန်ဟိန်း၊ စည်သူဝင်း၊ နက္ခတ်၊ မျိုးသီဟသူ၊ ရှင်မွေလ၊ မိုးသူရ၊ မင်းဘုန်းမြတ်၊ အောင်ပိုင်၊ စောမင်းရာ၊ နက်ရှိုင်းကို၊ ဝေဇာကျော်၊ နေဝန်း၊ မိုးကောင်းကင်တို့ ပါဝင်သည့် (Forever FC) အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုး–နှစ်ဂိုးဖြင့် သရေကျခဲ့ပြီး ပါနယ်တီငါးလုံးစီကန်သွင်းရာ ညွန့်ပေါင်းအသင်း (Old Star)က (Forever FC) အသင်းကို ခုနစ်ဂိုး – ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ပထမဆုဆွတ်ခူး**

ဆက်လက်၍ ဗိုလ်လုပွဲစဉ်အဖြစ် နေသူရိန်၊ သူထူးစံ၊ ကောင်းခန့်၊ မင်းခန့်၊ မိုးယံဇွန်၊ နေဌေး၊ ကျော်ကျော်၊ ဘုန်းသျှံ၊ သာထက်၊ မင်းခန့်ကျော်၊ အိမ်အိမ်း၊ အိစိကွေး၊ ဖိုးဉာဏ်၊ နေဇာန်၊ မျက်ပြူး၊ ထက်ဦးထွဋ်၊ မိုးမာန်၊ ဆူးရှ၊ ဟိန်းထက်၊ တေဇာအောင်တို့ ပါဝင်သော ရုပ်ရှင်အသင်း(Movie FC)နှင့် ကျော်ကျော်ထွန်း၊ ဆိုတေး၊ ဒီဖြိုး၊ အစ္စဏီ၊ ညီမင်းခိုင်၊ ဝေလျှံ၊ ဥက္ကါ၊ ရာဝဏ ၊ ရော်ရွက်၊ မုန်ဆန်အောင်၊ သီဟလူ၊ သာထူးအောင်၊ နေလင်းကျော်၊ ZG၊ ဘိုဘိုမြသိန်း၊ အောင်အောင်ဦး၊ မုန်ထွယ်အောင်၊ လတ်ကိုကိုအေး၊ ဟန်ထွန်းဇော်၊ ရဲခေါင်ဆက်တို့ ပါဝင်သည့် ဂီတအသင်း(Music FC)တို့ ယှဉ်ပြိုင်ကစားရာ ဂီတအသင်း (Music FC) က ရုပ်ရှင်အသင်း (Movie FC)ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။

မိုခါသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင်ရန်ပုံငွေ ဘောလုံးပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲတွင် ဂီတအသင်းက ပထမဆု၊ ရုပ်ရှင်အသင်းက ဒုတိယဆုနှင့် ညွန့်ပေါင်းအသင်းက တတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့ကြသည်။

ရန်ပုံငွေဘောလုံးပွဲစဉ်သည် လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်များဖြင့် စည်ကားခဲ့ပြီး ဘောလုံးပွဲရပ်နားချိန်တွင် အနုပညာရှင်များ၏ တေးဂီတဖြင့် သီဆိုဖျော်ဖြေပေးမှုကို လူငယ်၊ လူရွယ်များက အနုပညာရှင်တို့၏ ဂီတသံစဉ်များနှင့်အတူ အားပါးတရ သံပြိုင်သီဆို အားပေးခဲ့ကြသည်။

ယနေ့ပွဲစဉ်တွင် ရောင်းချရရှိသည့် ဘောလုံးပွဲဝင်ကြေးရန်ပုံငွေများကို မိုခါမုန်တိုင်း သဘာဝဘေးဒဏ် သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**





မိုခါရန်ပုံငွေဘောလုံးပွဲ ဗိုလ်လုပွဲအဖြစ် ရုပ်ရှင်ဘောလုံးအသင်း (Movie FC) နှင့် ဂီတဘောလုံးအသင်း (Music FC) တို့ ယှဉ်ပြိုင်ကစားနေမှုနှင့် ကြည့်ရှုအားပေးကြသည့် ပရိသတ်များ။


# မိုခါမုန်တိုင်းသင့် ပြည်သူတွေကို ပြန်လည်ထူထောင်ရေးရန်ပုံငွေပွဲပေါ့။ ကိုယ့်တတ်ထားတဲ့အားကစားနဲ့ ပါဝင်ကုသိုလ်ယူတာပါ။ ပရိသတ်တွေလာပြီး ဘောလုံးပွဲလည်းကြည့်၊ လှူလည်းလှူဒါန်းတော့ မွန်မြတ်တဲ့အလှူလို့ပြောချင်ပါတယ်။ စိုးမြတ်မင်း

**ရန်ကုန်  ဇွန်  ၁၇**

မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေအဖြစ် ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများပူးပေါင်း၍ ဘောလုံးပွဲနှင့် ဂီတဖျော်ဖြေပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိသုဝဏ္ဏအားကစားကွင်း၌ ကျင်းပရာ ရုပ်ရှင်ဘောလုံးအသင်း (Movie FC)၊ ဂီတဘောလုံးအသင်း (Music FC)၊ Forever FC ဘောလုံးအသင်းနှင့် ညွန့်ပေါင်းဘောလုံးအသင်း(Old Star FC)တို့ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ခဲ့ကြပြီး အဆိုပါရန်ပုံငွေပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။



စိုးမြတ်မင်း



Dဖြိုး(အဆိုတော်)



အစ္စဏီ(အဆိုတော်)



ဦးနေလင်းဦး



သူထူးစံ(သရုပ်ဆောင်)

**စိုးမြတ်မင်း(မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း)**

ဒီပွဲက မိုခါမုန်တိုင်းသင့် ပြည်သူတွေကိုပြန်လည်ထူထောင်ရေးရန်ပုံငွေပွဲပေါ့။ ကိုယ့်ရဲ့တတ်ထားတဲ့အားကစားနဲ့ ပါဝင်ကုသိုလ်ယူတာပါ။ ပရိသတ်တွေလာပြီး ဘောလုံးပွဲလည်းကြည့် လှူလည်းလှူဒါန်းတော့ မွန်မြတ်တဲ့အလှူလို့ ပြောချင်ပါတယ်။ အားပေးတဲ့ တီဗွီဖန်သားပြင်က ကြည့်ရှုတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ညွန့်ပေါင်းဘောလုံးအသင်း (Old Star FC)က အသက် ၅၀ ကျော်နီးပါး များတယ်။ ကုသိုလ်ပွဲဆိုတော့ ကြိုးစားပြီးကစားသွားမှာပါ။ အားလုံးကချစ်ချစ်ခင်ခင်နဲ့ ကွင်းထဲမှာညီအစ်ကိုတွေပါပဲ။ ဒီပွဲကို ကုသိုလ်ပါဝင်ခွင့်ပြုနိုင်ဖို့ ဖိတ်ခေါ်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ မြန်မာဘောလုံးသမားတွေလည်း အကောင်းဆုံးကြိုးစားနေပါတယ်။ ညီငယ် ဘောလုံးအားကစားသမားတွေကို အားပေးဖို့ ဒီနေရာကနေ ပြောချင်ပါတယ်။

**Dဖြိုး(အဆိုတော်)**

ကျွန်တော်တို့ ကိုယ်တိုင်သွားရောက်ပြီး မလှူဒါန်းနိုင်ဘူး။ ပါဝင်နိုင်တဲ့နေရာက ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ သီချင်းနှစ်ပုဒ်ဆိုမယ်။ ဖျော်ဖြေရေးတွေလည်း ပါမယ်။ သဘာဝဘေးအန္တရာယ်ဆိုတာ ခန့်မှန်းလို့မရဘူး။ ကြိုတင်ကာကွယ်၊ ကြိုတင်မကာကွယ်နိုင်ရင် ဖြစ်လာတဲ့အခါမှာဝိုင်းဝန်းပြီး တတ်နိုင်တဲ့ဘက်က အားဖြည့်ပေးရမယ်။ ကျွန်တော် ဂီတဘောလုံးအသင်း (Music FC)က ကစားသွားမှာဖြစ်ပါတယ်။

**အစ္စဏီ(အဆိုတော်)**

ကျွန်တော်ဒီပြိုင်ပွဲကို ပါဝင်ခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်။ သဘာဝဘေးအန္တရာယ်မှာ ဒုက္ခရောက်နေတဲ့မိဘပြည်သူတွေကို တစ်ဖက်တစ်လမ်းကနေ ကူညီခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တတ်တဲ့ အနုပညာနဲ့ ဖျော်ဖြေပေးတယ်။ ကျွန်တော် မကျွမ်းကျင်တဲ့ ဘောလုံးဆိုလို့ရှိရင် ကြိုးကြိုးစားစားနဲ့ ကန်ပေးပါတယ်။ ကျွန်တော်တို့ ညီအစ်ကိုတွေမဆုံတာ တော်တော်ကြာသွားပါပြီ။ အခုလိုဒီလိုပွဲလေးမှာ ပြန်လည်ဆုံခွင့်ရခဲ့တာ ဝမ်းသာပါတယ်။ အခုဆိုကျွန်တော်တို့ညီအစ်ကိုတွေ ပြန်ချိတ်မိသွားပြီ။ နောက်ဆိုရင် တစ်ခုမဟုတ် တစ်ခု၊ ဘယ်နေရာမှာဘာဖြစ်လည်း ကူညီခွင့်ရသွားပြီးဝမ်းသာတယ်။ နေ့ခင်းကတည်းက အားပေးတဲ့ ပရိသတ်တွေ တစ်ယောက်ချင်းစီကို ကျေးဇူးအများကြီးတင်ပါတယ်။

**ဦးနေလင်းဦး**

**(မိုခါရန်ပုံငွေ ဘောလုံးပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ)**

"မိုခါမုန်တိုင်း သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးပွဲမှာ ပါဝင်ပေးတဲ့ ရုပ်ရှင်၊ ဂီတ၊ Forever FC ၊ မြန်မာ့လက်ရွေးစင် ညွန့်ပေါင်းဘောလုံးအသင်းအဘက်ဘက်က ဝိုင်းဝန်းကူညီကြတဲ့သူတွေကို ကျေးဇူးတင်ပါတယ်။ အလှူငွေရရှိထားတာရှိပါတယ်။ အဲဒီအပေါ်မှာ ကုန်ကျစရိတ်တွေကို နုတ်ပြီးသွားရင် ကျန်တဲ့ငွေကြေးများကို ရခိုင်ဒေသကိုသွားပြီး ကိုယ်တိုင်ကိုယ်ကျသွားပြီးလှူဖို့ စီစဉ်နေပါတယ်။ တကယ်လို့ ဒီလိုမျိုး သဘာဝဘေးအန္တရာယ်ပဲဖြစ်ဖြစ်၊ အခြားကြောင့်ပဲဖြစ်ဖြစ် အနုပညာရှင်တွေ၊ကစားသမား ဟောင်းတွေ လုပ်ဖို့ အစီအစဉ်ရှိပါတယ်။

**သူထူးစံ(သရုပ်ဆောင်)**

ကျွန်တော်တို့ ညီအစ်ကိုတွေ ပျော်ပျော်ပါးပါးနဲ့ ရန်ပုံငွေ ဘောလုံးပြိုင်ပွဲကြီး ကစားကြတာ ပျော်ရွှင်ကြည်နူးမိပါတယ်။ အလှူငွေလည်း အများကြီးရတဲ့အတွက် ဝမ်းသာပါတယ်။

**အာကာစိုး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော်ဇွန် ၁၇

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

### အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### တရားဥပဒေနှင့်အညီဆောင်ရွက်

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရွှေချောင်းရပ်ကွက်နေ ခင်သော်တာသည် ၎င်းအသုံးပြုသည့် “Khin Thawdar” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သပြေလှ ကျေးရွာနေ မျိုးဇော်ဝင်း (ခ)မျိုးဇော်သည် ၎င်းအသုံးပြုသည့် “Myo Zaw” Facebook အကောင့်တို့ဖြင့် အသိပေးသတင်း ထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

### ဆက်လက်ဖော်ထုတ်အရေးယူ

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ *ကျောဖုံးမှ*

ခရိုအေးရှားနှင့် စပိန်အသင်းတို့၏ နေးရှင်းလိဂ်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို ဇွန် ၁၉ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် နယ်သာလန်နိုင်ငံ ဖီယင်နူအားကစားကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

### အကြိတ်အနယ်ကစား

ကမ္ဘာ့အဆင့် (၇) ရှိ ခရိုအေးရှားအသင်းသည် အဆိုပါပြိုင်ပွဲ ဆီမီး ဖိုင်နယ်တွင် အိမ်ရှင် နယ်သာလန်အသင်းနှင့် တွေ့ဆုံခဲ့ပြီး အကြိတ် အနယ်ကစားခဲ့ရကာ အချိန်ပိုသွင်းဂိုးများကြောင့် လေးဂိုး – နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

### ဗိုလ်လုပွဲသို့တက်လှမ်း

ပြိုင်ဘက် စပိန်အသင်းက ယင်းအဆင့်တွင် နာမည်ကြီး အီတလီ အသင်းနှင့် တွေ့ဆုံခဲ့ပြီး ဂျိုဆီလူ၏ နောက်ကျသွင်းဂိုးကြောင့် နှစ်ဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်း လာခြင်းဖြစ်သည်။

### နောက်တစ်ဆင့်သို့ တက်လှမ်း

ခရိုအေးရှားနှင့် စပိန်အသင်းတို့ ၂၀၂၁ ခုနှစ်က ယူရိုပြိုင်ပွဲ ၁၆ သင်း အဆင့်တွင် တွေ့ဆုံထားပြီး စပိန်အသင်းက ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းထားနိုင်ခဲ့သည်။

ခရိုအေးရှားအသင်းရော စပိန်အသင်းပါ တိုက်စစ်ထက်မြက်မှုရှိပြီး ခံစစ်ကျစ်လျစ်မှုရှိခြင်းကြောင့် ယခင်တွေ့ဆုံမှုတွေထက် ပြိုင်ဆိုင်မှု ပိုမိုသော ပြင်းထန်လာဖွယ်ရှိသည်။

ထို့ကြောင့် ခရိုအေးရှားအသင်းအနေဖြင့် ယခုအကြိမ် ဗိုလ်လုပွဲတွင် အဆိုပါ ရှုံးနိမ့်မှုကို ချေဖျက်ကာ နေးရှင်းလိဂ်ဖလား ဆွတ်ခူးသွား နိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

အောင်ဇော်

## ကရင်ပြည်နယ် ကော့ကရိတ်မြို့နှင့် မွန်ပြည်နယ် သိမ်ဇရပ်မြို့များအတွင်းသို့ KKO(ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူတစ်ဦး သေဆုံး၊ လေးဦးဒဏ်ရာရရှိခဲ့

**နေပြည်တော် ဇွန် ၁၇**

KKO(ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား များအနေဖြင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေ ရန်နှင့် ပြည်သူလူထုတို့ ထိတ်လန့်မှုများဖြစ်စေရန် အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်လျက် ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၆ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် KKO(ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သမားများက ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၇) ရပ်ကွက်အတွင်းသို့ မြို့၏အရှေ့ မြောက်ဘက် မီတာ ၂၅၀၀ ခန့်မှ လက်နက်ကြီးများဖြင့် လာရောက် ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင် များက လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်း ဖက်သမားများသည် အရှေ့ဘက် သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ သည်။




ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့သို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်ပြပုံ။

ဖြစ်စဉ်တွင် အကြမ်းဖက် သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးဖုံးသီးများ ကျရောက် ပေါက်ကွဲမှုကြောင့် အမှတ်(၇) ရပ်ကွက် ဂန္ဓမာလမ်းတွင် နေထိုင် သည့် ဒေသခံပြည်သူတစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သဖြင့် ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံမှ တစ်ဆင့် ဘားအံပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေ လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ အတွင်းသို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ က ဇွန် ၁၆ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် မြို့၏ အရှေ့တောင် ဘက် မီတာ ၂၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အကြောင်း




ကောကရိတ်မြို့အတွင်းသို့ KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်ပြပုံ။

မဲ့ လာရောက်ပစ်ခတ်တိုက်ခိုက် ခဲ့သဖြင့် နယ်မြေခံလုံခြုံရေးတပ် ဖွဲ့ဝင်များက လက်နက်ကြီးများ ဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက် ခဲ့ရာ ည ၁၀ နာရီခန့်တွင် အကြမ်း ဖက်သမားများသည်အရှေ့တောင် ဘက်သို့ ဆုတ်ခွာထွက်ပြေးသွား ခဲ့သည်။

ဖြစ်စဉ်တွင် KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား များ ပစ်ခတ်ခဲ့သည့် လက်နက်ကြီး ဖုံးသီးများ ကျရောက်ပေါက်ကွဲမှု ကြောင့် သိမ်ဇရပ်မြို့ ရွာလေး ကွက်သစ်တွင် နေထိုင်သည့် ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့ ရပြီး အသက်ငါးနှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် သုံးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ သည်။ ဒဏ်ရာရရှိသူများအား သိမ်ဇရပ် တိုက်နယ်ဆေးရုံ၌ လိုအပ်သည့် ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိသည်။

ထိုသို့ အပြစ်မဲ့အရပ်သား ပြည်သူများနေထိုင်ရာ မြို့၊ ရပ်ကွက် များအတွင်းသို့ လက်နက်ကြီး များဖြင့် အကြောင်းမဲ့ လာရောက် ပစ်ခတ် တိုက်ခိုက်ခဲ့သည့် KKO (ခွဲထွက်) အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား များ၏ လုပ်ရပ်သည် လူမဆန် သည့် ယုတ်မာရိုင်းစိုင်းသော အစွန်းရောက် အကြမ်းဖက် လုပ်ရပ်ဖြစ်ပြီး ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် နေရာများသို့ ရည်ရွယ်ချက် ရှိစွာဖြင့် အကြမ်း ဖက်တိုက်ခိုက် ခဲ့ခြင်းအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင် များအနေဖြင့်လိုအပ်သည့် တုံ့ပြန် မှုများ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

သတင်းစဉ်

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) (၂၃) နှစ်မြောက် ကျောင်းနှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ




ကောလိပ် (ရန်ကုန်) ၏ (၂၃)နှစ်မြောက် ကျောင်းနှစ်ပတ်လည်နေ့အခမ်းအနားကို ဇွန် ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ အဆိုပါကျောင်းဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဓမ္မာရုံ၌ သံဃာတော် ကိုးပါးကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထိန်လင်းက အမှာစကားပြောကြားသည်။ ထို့နောက် ဒီဂရီကောလိပ်(ရန်ကုန်)တွင် တစ်နှစ်တာအတွင်း ဒီဂရီကောလိပ်(ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့တွင် စာတမ်းဖတ်ကြားခဲ့သူများ၊ စာတမ်းပြုစုသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများချီးမြှင့်ပေးခြင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ တက္ကသိုလ်/ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသည့် ဝန်ထမ်းသားသမီးများကိုလည်း ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် ငွေကျပ်သိန်း ၉၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်း ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၇

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် ငွေကျပ်သိန်း ၉၀၀၀ တန်ဖိုးရှိစိတ်ကြွရူးသွပ် ဆေးပြား ကိုးသိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၃)ရပ်ကွက် ပတ္တမြားလမ်းရှိ စိုင်းလှဟန်၏နေအိမ်ကို သတင်းအရရှာဖွေရာ စိုင်းလှဟန်နှင့် စိုင်းစိန်လင်း တို့အား ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၉၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်မြို့ရှိ KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၆ ရက်က ကျောက်မဲမြို့ စိန်ကျောက်တောင်ဘုရားကုန်းဝန်းကျင်တွင် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာနမှူး ဦးမောင်မောင်နိုင်က ပျိုးပင်များကို တာဝန်ရှိသူများထံ ဖြန့်ဝေပေးစဉ်။ (သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း၊ မဟော်ဂနီ၊ ခါတော်မီ၊ ချယ်ရီ စသည့် ပျိုးပင်ပေါင်း ၁၂၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြသည်။)

စိုင်း(သီပေါ)

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

❐ ကျောဖုံးမှ

အလားတူ **ဇွန် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင်** စစ်ကိုင်းတိုင်း ဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မုံရွာမြို့မရဲစခန်းမှ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း လိုင်စင်မဲ့ Jialing Super Cub မော်တော်ဆိုင်ကယ်နှစ်စီး(**ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀**)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ **ဇွန် ၁၆ ရက်တွင်** အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Hanabishi Electric Frying Pan ၃၂၀ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်သော DONG FENG 375 Tractor Head တစ်စီးနှင့် CIMC Semi Trailer တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ)၌ တာဝန်ကျအကောက်ခွန်အဖွဲ့က ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော RTH PE TUBE ၁၂၈ ခု အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၄၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၀၀၀၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇွန် ၁၅ ရက်တွင်** ရေတာရှည်မြို့နယ်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ရေတာရှည်မြို့နယ် ကိုးပင်-သာဂရ ကားလမ်း မိုင်တိုင် (၂၅/၀)အနီး၌ တရားမဝင် ဒွနီသစ်ခွဲသား ၀ ဒသမ ၅၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၃၁၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ **ဇွန် ၁၆ ရက်တွင်** တောင်ငူမြို့မရဲစခန်းမှ စစ်ဆေးရေးအဖွဲ့က တောင်ငူမြို့နယ် ကန်ရိုးကျေးရွာ ရန်ကုန်- မန္တလေး လမ်းဟောင်း၊ PUMA ဆီဆိုင်အနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **ဇွန် ၁၇ ရက်တွင်** ပဲခူးဘုရားကြီးနယ်မြေရဲစခန်းမှ စစ်ဆေးရေးအဖွဲ့က ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၅၂/၀)၊ ပျဉ်ပုံရွှေသံလွင်တိုးဂိတ်အနီး၌ လိုင်စင်မဲ့ Nissan Murano မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၄၁၃၁၄** ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဇွန်လ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၅၆၁၃၁၄** ဖြစ်ကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သမဝါယမအသင်းစုနှင့် အခြေခံသမဝါယမအသင်း လေးသင်းတို့ အကျိုးတူပူးပေါင်း၍ မိုးစပါးစီမံကိန်း အကောင်အထည်ဖော်ရန် အသင်းသား တောင်သူများအား မြေဩဇာပံ့ပိုးပေးမှုကို ဇွန် ၁၅ ရက်က သန်လျင်မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် အသင်းသား ၇၂ ဦးအား မိုးစပါးစိုက်ဧက ၄၀၀ အတွက် ကျပ်သိန်း ၈၀၀ နှင့်ညီမျှသော သွင်းအားစုများ ပေးအပ်စဉ်။

အာကာလင်း

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၆ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၁၀ ကျပ် | ၁၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၉၀ ကျပ် | ၂၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၇၀ ကျပ် | ၂၀၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၈၅ ကျပ် | ၂၁၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၆၈ | ၅၄၄၀၀၀ |
| MTSH | ၂၉၅၀ | ၂၉၀၀ | ၂၈ | ၈၁၃၀၀ |
| MCB | ၇၃၀၀ | ၇၂၀၀ | ၁၂ | ၈၆၆၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၁၇၁၀ | ၂၅၆၅၀၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၂၉ | ၇၂၅၀၀ |
| EFR | ၂၅၀၀ | ၂၅၀၀ | ၁၃ | ၃၂၅၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News




aungbarlay.ird.gov.mm အောင်ဘာလေ အွန်လိုင်း သိန်းဆု ထီစနစ် Application ကို Download ပြုလုပ်ရန် QR ကို Scan ဖတ်ပါ။


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ တိုက်အမှတ် (၂)၊ အခန်းအမှတ်(၁၀၆)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သီသီဇင် (NYHE- ၁၄၇၁၄၈)ထံမှတစ်ဆင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ခင်မာကြည် ၁၂/တတန(နိုင်)၀၃၁၄၉၈က ဒေါ်သီသီဇင်အမည်ဖြင့် ဌာနမှထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် အောင်ချမ်းသာ မြို့ကွက်သစ်၊ မြတ်ရတနာအိမ်ရာ၊ မြေကွက်အမှတ် (၂၉၃)၊ အကျယ်အဝန်း အလျားxအနံ (၄၀'x၆၇' ၆")အကျယ်ရှိသည့် ဦးကျော်စိုး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးကျော်စိုး (ဘ)ဦးထွန်း အေး ၇/ပခန(နိုင်)၀၁၀၃၈၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာလာမြင့် (ဘ)ဦးအောင်မြင့် ၁၂/အစန(နိုင်)၀၃၀၀၇၈က ပြန်လည် ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B, D.B.L) (စဉ်-၁၄၆၆၈)**
**ဒေါ်နှင်းနှင်းထွေး (LL.B) (စဉ်-၂၄၉၆၈)**
**ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL.B) (စဉ်-၅၀၈၅၄)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၆) ရပ်ကွက်၊ အမှတ် ၁၉၈၃၊ ပေ(၄၀ x၆၀ )အကျယ်ရှိ မြေကွက်အမည်ပေါက်ပိုင်ရှင် ဦးစိုးရှိန်ထံမှ ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် နောက်ဆုံးဝယ်ယူထားသူ ဦးတင်လင် ၈/မမန(နိုင်)၁၂၃၅၀၈ မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံ ကတိပြုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသက်ခိုင်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းထွန်းနိုင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၄၄၂)**
**အမှတ် ၃၂၈/က၊ နဝရတ်ကိုးသွယ်လမ်း၊ ၅၆ ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၂၅၈၉၁၃၇၆၈၊ ၀၉- ၉၅၅၇၂၀၆၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၁၄/၂၊ ရွှေပြည်စိုးအိမ်ရာ)၊ မြေကွက်အမှတ် (၂၅၃/၁)၊(၂၅၃/၂)၊ အကျယ်အဝန်း (၀ဒသမ ၁၁၇+၀ဒသမ၁၁၆) ဧက အသီးသီးရှိ ဒေါ်စိမ်းလဲ့ဆွေ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၀၉၀/၂၀၂၃နှင့် ၄၀၉၁/၂၀၂၃) တို့ အရ ဦးဝစ်ရာကူးမာလ်(ခ)ဂျော်နီ ၁၂/ကတတ(ဧည့်)၀၀၁၀၅၆ နှင့် ဦးဒင်းနစ်ကူးမား (ခ)သက်နိုင်ထွန်း(ခ)ဘော်ဘီ ၁၂/ကတတ(နိုင်)၀၂၃၈၇၉ တို့ အရ ယင်းတို့ကသာလျှင် ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေများမှလည်း အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများထံသို့ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်စွာလင်း — အထက်တန်းရှေ့နေ(စဉ်-၄၅၆၁၃)**
**ဦးကိုကိုရဲလွင် — အထက်တန်းရှေ့နေ(စဉ်-၄၅၆၁၂)**
**အမှတ်(၄၇၄/က)၊ အောင်သပြေ(၁)လမ်း၊ ကြီးပွားရေးရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၆၉၉၈၅၉၇၄**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## ပုသိမ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ်- ၂

ကွယ်လွန်သူ မန်းကျင်ရွှေ၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

လှိုင်းဘုန်းကျေးရွာ၊ ကျောက်တန်းအုပ်စု၊ ငပုတောမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ မန်းကျင်ရွှေ၏ အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ နန့်လဲ့လဲ့ဝင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၃ရက်(၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ မန်းကျင်ရွှေ၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက် ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁ရက် (၁၃၈၅ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင် ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ နန့်လဲ့လဲ့ဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၃ခုနှစ်၊ ဇွန် ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ဘုန်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ပုသိမ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ မြေကွက်အမှတ် (၁၀၀၆)၊ ဧရိယာအကျယ်အဝန်းပေ (၄၀x၆၀) ရှိ ဒေါ်ခင်အေး အမည်ပေါက် ပါမစ်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏ ခြေရင်းခြမ်းပေ (၂၀x၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက်၊ နေအိမ်အဝီစိရေတွင်း၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးကို အဆက်စပ်အရပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးဝဏ္ဏအောင် ၁၂/ခရန(နိုင်)၀၉၉၅၉၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမြင့် ၁၂/ဒဂမ(နိုင်)၀၀၇၄၀၂က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ခိုင်မာသောအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း (LL.B) ၊ အထက်တန်းရှေ့နေ (စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၇၂၅၅၂၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်နှင့် အမည်(၁၄-က/ထုံးဘို)၊ ဦးပိုင်အမှတ်(၇၈-ဇ/၂)၊ မြေ ဧရိယာ ၀ဒသမ ၁၇၂ ဧကရှိ ဂရန်မြေကွက်သည် မြို့မြေဂရန်မှ အမှတ် ၃၇၈/၂၀၁၇-၁၈)အရ ဦးမြင့်ဝင်း အမည်ပေါက်မြေကွက်ဖြစ်ပါသည်။

ဦးမြင့်ဝင်းသည် အထက် အဆိုပါဂရန်အား မိမိလက်ဝယ်တွင် ထိန်းသိမ်းထားစဉ် အိမ်အပြောင်းအရွှေ့လုပ်ရာတွင် အထားမှားပြီး ပျောက်ဆုံးသွားပါသည်။ ဦးမြင့်ဝင်းသည် ၁၅-၁၁-၂၀၂၂ရက်တွင် ကွယ်လွန်သွားပြီး ဖြစ်သဖြင့် ၎င်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်ဝေ မှ ယင်းဂရန်အား မိတ္တူမှန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူမည်သူမဆို တရားဝင်အထောက်အထားများနှင့်တကွ ဒေါ်ကြည်ကြည်ဝေထံတွင်ဖြစ်စေ၊ သက်ဆိုင်ရာ ရုံးဌာနများတွင်ဖြစ်စေ၊ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက ဂရန်မိတ္တူမှန် ရရှိရေး အတွက် ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်ဝေ**
**၁၃/တကန(နိုင်)၁၃၄၀၂၈**
**ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အောင်သီရိလမ်း၊ အိမ်အမှတ် (၂၀၅) 3-A တွင် နေထိုင်သူ ဒေါ်ခင်အေးဝင်းသန်း ၁၂/ဒပန(နိုင်)၀၂၅၇၃၇၏သားဖြစ်သူ မောင်ဇာနည်လင်း ၁၂/ဒပန(နိုင်)၀၆၀၂၉၆သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်သက်ဆိုင်သည့်ကိစ္စရပ်များအား တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးဝင်းသန်း ၁၂/ဒပန(နိုင်)၀၂၅၇၃၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/61137, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူဦးတင်ကိုကို ၁၄/မမန(နိုင်) ၃၆၂၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/82171, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၁၄/ပစလ (နိုင်) ၀၄၂၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့၊ နားခါရပ်ကွက်၊ အကွက်အအမှတ်နှင့် အမည်(၃၂၅/နားခါ၊ ဦးပိုင်အမှတ်(၂၄)၊ မြေကွက်အမှတ် (24)၊ ဧရိယာ ၀ဒသမ ၀၉၆ ဧကရှိ မြေကွက်အား ကျွန်မ ဒေါ်ခင်သန်း(ဘ)ဦးတင်မောင် ၁/မညန(နိုင်)၀၃၃၉၇၁ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်း ၁/မညန(နိုင်)၀၃၃၉၇၁၊ နားခါရပ်ကွက်၊ မိုးညှင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/မြို့မတောင်ရပ်ရှိ မြေ ကွက်အမှတ် (ပ-၁၃၃၆)ကို အမည်ပေါက် ဦးအုန်းမြင့်(ဘ) ဦးမောင်အေး ၁၃/တကန(နိုင်) ၁၁၄၀၈၈ (ကွယ်လွန်) ၏ အမွေခံ သားသမီးများဖြစ်ကြသော ဒေါ်ခိုင်ခိုင်မြင့်၊ ဒေါ်အိအိမြင့်၊ ဦးအောင်သူရမျိုး၊ဦးအောင်ကျော်စွာမြင့်နှင့် ဒေါ်မွန်မွန်ချို တို့မှ ၎င်းတို့အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် အမည်ပေါက်၏ သေဆုံးမှုလက်မှတ်၊ မှတ်ပုံတင်အမွေဆိုင်များအမွေ ခွဲယူရန် သဘောတူကတိစာချုပ်၊ မြေကွက်ဖိုးသွင်းချလန်၊ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းတို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် အောင်ချမ်းသာ မြို့ကွက်သစ်၊ မြတ်ရတနာအိမ်ရာ၊ မြေကွက်အမှတ် (၂၉၄)နှင့် (၂၉၅)၊ တစ်ကွက်ချင်းအကျယ်အဝန်း အလျားxအနံ (၄၀'x၆၇'x၆")အကျယ်စီရှိသည့် ဦးကျော်စိုး အမည်ပေါက် ဂရန်မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်များ၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးကျော်စိုး(ဘ) ဦးထွန်းအေး ၇/ပခန(နိုင်)၀၁၀၃၈၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသီတာဆွေ(ဘ) ဦးကျော်ကျော်ဆွေ ၁၂/ကတန(နိုင်)၀၈၂၉၃၄က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B., D.B.L) (စဉ်-၁၄၆၆၈)**
**ဒေါ်နှင်းနှင်းထွေး (LL.B) (စဉ်-၂၄၉၆၈)**
**ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL.B) (စဉ်-၅၀၈၅၄)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကွင်းအမှတ်(၆၇၂/A)၊ အကွက်အမည်- ကျောင်းကုန်းမြောက်၊ ဦးပိုင်အမှတ် (H-၁၆၄)၊အကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးဝင်းအောင် ၇/တငန(နိုင်) ၀၄၀၈၈၅ အမည်ပေါက် လ/န(၃၉)လျှောက်ထားဆဲ အိမ်ရာမြေဟုခေါ်တွင်ပြီး သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၁၀)လမ်းနှင့် ဗဟို(၁၀)လမ်းထောင့်၊ အမှတ်(H-၁၆၄)ဟုခေါ်တွင်သော ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ ဦးဂျစ်ဗဟာဒူး ၁/မကန (နိုင်) ၁၂၆၃၈၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်နီလာမျိုးထွန်း (LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၀၈)**
**အမှတ် ၇၂၂၊ ခေမာသီလမ်း၊ (က)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၆၃၉၉၈၈၃၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅)ရပ်ကွက်၊ အောင်မင်္ဂလာ ၁လမ်း၊ အမှတ် ၁၃၇၅/ခဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၁၅၅၊ မြေကွက်အမှတ် ၁၃၇၅/ခ၊ မြေ အကျယ်အဝန်း(၂၀ပေ x၆၀ပေ)ရှိ မြေချပါမစ်မြေကွက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် ဒေါ်ဗန်လာလ်ရွှတ် ၄/ဖလန(နိုင်)၀၂၆၇၇၀ တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဗန်လာလ်ရွှတ် ထံမှ မြေကွက်နှင့် ပါမစ်မူရင်း အပါအဝင် အစဉ်အဆက် အရပ်ကတိစာချုပ်များဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးကိုကိုဦး ၁၂/ကမတ(နိုင်)၀၁၇၉၆၀ မှ ရောင်းချပိုင် ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ် ပြုလုပ် ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား မူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်း အဝယ် ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းယုယုအောင်(LL.B,D.B.L,D.I.L) — အထက်တန်းရှေ့နေ(စဉ်-၄၈၉၆၅)**
**ဒေါ်ခင်လေးမွန်(LL.B) — အထက်တန်းရှေ့နေ(စဉ်-၅၁၆၈၂)**
**တိုက် အမှတ်(N-1)၊ အခန်း အမှတ် ၃၀၃၊ လေးထောင့်ကန် လမ်းမကြီး၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၇၇၂၀၀၄၀၊ ၀၉- ၂၆၁၄၈၀၀၅၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဖျာပုံမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဖျာပုံမြို့နယ် ဦးစီးမှူးရုံးမှ အငယ်တန်းစာရေး ဒေါ်မိုးမိုး ၈၀/၄၃၀၁၂ ၏ ဖခင်အမည် မှန်မှာ ဦးသိန်းအောင် (ခ) ဦးပြူး ၁၄/ဖပန(နိုင်) ၀၆၇၈၄၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ပန်းတနော်မြို့နယ်၊ အထက (ခွဲ) အတွင်းအိုးဘို Grade-3 မှ (ဘ)ဦးချစ်ကိုဝင်း ၏သား စကောင်းသန့်အောင် အား စအောင်ကောင်းခန့် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

ဦးဒွေးနန္ဒ၏သမီး မော်လမြိုင်မြို့၊ သမာဓိကိုယ်ပိုင်အထက်တန်း ကျောင်း Grade-5 တန်းမှ မမယ်မင်းသုန်အား မပန်းဟေသာဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မပန်းဟေသာ**

## ဖခင်အမည်မှန်

သပိတ်ကျင်းခရိုင်၊ စဥ့်ကူးမြို့နယ်၊ မူလွန်ငါးပြားပေး Grade-8 အောင်မြင်သော မယွန်းမိမိစိုး၏ ဖခင်အမည် မှန်မှာ ဦးမောင်စိုးဖြူ ၉/စကန (နိုင်)၁၀၁၄၆၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6A/8696, Nissan KW30M ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဆွေ ၉/ပမန(နိုင်)၁၇၄၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/5713, APE City 200, 3Wheel Velicle ယာဉ်လက်ဝယ်ရှိသူ ဦးရဝေအောင် ၅/ဒပယ(နိုင်)၀၆၄၄၃၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၂၄၁၉၇, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဇင်ဦး ၉/မဟမ(နိုင်)၀၅၀၄၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅ )
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၅၄

၁။ ဒေါ်ခင်ဝင်းမူ နှင့် ၁။ မောင်ဝေသူဦး
၂။ ဒေါ်ဖြူဖြူညွန့် ၂။ ဦးစိုးတင်
၃။ ဒေါ်နီနီညွန့်
(တရားလိုများ) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ်(၆၇)၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်းနေ ဦးစိုးတင်(ဘ)ဦးဗိုလ်လာ (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်ဝင်းမူပါ-၃ က ၇-၇-၂၀၂၀ ရက် စာချုပ်အမှတ်-၁၇၅၅/၂၀၂၀ဖြင့် (၁)တရားပြိုင်အား မွေးစားသည့်ကိတ္တိမ မှတ်ပုံတင်စာချုပ်ကို ပယ်ဖျက်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ (၁၃၈၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၃ ခုနှစ်၊ ဇွန် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သူရသွင်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မဟာအောင်မြေခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် -၄၉

ဒေါ်မူမူသန်း နှင့် ဦးသန်းဝင်း
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်(အ-၁၄/၂၇) ရပ်နေ ဦးသန်းဝင်း (ဘ) ဦးထွန်းလှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်မူမူသန်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၁၄)၊ ဦးပိုင်အမှတ်(၂၇) ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကရှိဦးသန်းဝင်း အမည်ပေါက် ဂရန်မြေကွက်အားမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇွန် ၃၀ ရက် (၁၃၈၅ခုနှစ် ပထဝါဆိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန် ၁၄ ရက် တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်ဇင်ထွန်း)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့ နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၄)၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ မြေကွက်အမှတ် (၆၂၄/က)၊ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ ဦးလှရှိန် (၁၂/သဃက (နိုင်) ၀၂၆၉၈၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်လှကြွယ် (၁၂/သဃက (နိုင်) ၀၂၅၀၂၈) ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူများဖြစ်သော (၁) ဦးခင်မောင်ညွန့် (၁၂/ဥကတ (နိုင်) ၀၄၁၇၁၀)၊ (၂) ဒေါ်ရင်ရင်ဝင်း (၁၂/လကန (နိုင်) ၁၂၀၄၅၃)၊ (၃) ဦးအောင်မြင့် (၁၂/ဥကတ (နိုင်) ၀၄၀၈၈၈)၊ (၄) ဒေါ်စန်းမြင့် (၁၂/သဃက (နိုင်) ၀၂၃၉၉၅)၊ (၅) ဒေါ်နှင်းကြည် (၁၂/လမန (နိုင်) ၀၅၀၅၂၅)နှင့် (၆) ဦးသက်ထွန်း (၁၂/သဃက (နိုင်) ၀၀၃၃၁၈)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

ဦးဇော်ထွန်းအောင်
LL.B, D.B.L, D.M.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၅)

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ကျန်စစ်သား(၂)လမ်း၊ တိုက်အမှတ် (၇၀)၊ အခန်းအမှတ်– (ဒုတိယထပ်) (၃လွှာ)၊ အကျယ်အဝန်း (၁၄ပေ× ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းလွင်ဦး (၁၂/ဥကတ (နိုင်) ၁၇၅၅၆၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးအေးမူ
LL.B, D.B.L., M.A. (Business Law)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၇၀၉)
၀၉ ၄၃၁၁ ၅၁၀၅

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၁၈)၊ ဦးပိုင်အမှတ်(၃၈)၊ ၇၂x၇၃ လမ်းကြား၊ လောကမဏိစူဠာဘုရားအနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်စိုး ၉/မလန (နိုင်)၀၄၁၆၅၆ ၏ (SP ရသူ ဒေါ်ဆွေဇင်ကျော်) က အမည်ပေါက်သူ ဦးမြင့်စိုး၏ မှတ်ပုံတင်(မူရင်း)အိမ်ထောင်စုဇယား(မူရင်း)တို့တင်ပြရမည်ဖြစ်သော်လည်း မတင်ပြနိုင်ခြင်း၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၁၆၁၈/၂၀၂၃-၂၀၂၄) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၁၀၇)၊ မြေကွက်အမှတ်-(၃၈၂-က)၊ ဦးသန်းလှအမည်ပေါက်မြေကွက် အကျယ်အဝန်း(၂၀ပေ-၆၀ပေ)အား လက်ရှိပိုင်ရှင်ဖြစ်သူ ဦးသီဟကျော်(၇/ပတတ(နိုင်)၁၁၂၅၂၂)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ရုံး/အိမ်(နံနက်-၉နာရီမှညနေ၅နာရီ) လွှဲအပ်ညွှန်ကြားချက်အရ
အမှတ်(ပ-၅၂)၊ ပြည်ထောင်စုလမ်း၊ (၃၈)ရပ်ကွက်၊ ဦးတင်ထူးလှိုင်
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ အထက်တန်းရှေ့နေ
ဖုန်း-(၀၉)- ၇၈- ၀၆၇- ၃၀၆၇ စဉ်- ၂၄၂၉၂

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ယောမင်းကြီးလမ်း၊ မြေကွက်အမှတ် (၄၇၆)ဟုခေါ်တွင်သောအကျယ်အဝန်း ပေ (၄၀x၆၀)(၀ ဒသမ ၀၅၅ ဧက)ရှိ နှစ်(၆၀)ဂရန် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနတွင် ဦးသိန်းဝင်း (V/RGN-၀၀၁၃၉၃) အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ယင်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်းပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်(၁)လုံး အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် စာချုပ်အဆက်ဆက်တို့ဖြင့် လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားသော ဦးမောင်မောင်ဝင်း ၇/ဖမန (နိုင်)၀၃၈၅၁၁ မှ အပြီး အပိုင်လွှဲပြောင်း ရောင်းချလိုကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိ ပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိ ပေး ကြေညာအပ်ပါသည်။

ဦးဝင်းမောင်၏ လွှဲအပ်ညွှန်ကြားချက်များအရ–
ဒေါ်စိုးသီတာအေး
LL.B, WIPO (Switzerland)
အထက်တန်းရှေ့နေ (စဉ် – ၄၈၁၇၀)
အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊
ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉-၄၄၄၆၇၇၇၁၆

## အမည်မှန်နှင့် ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက (ချိုင်းကျေးရွာ)၊ Grade–11 မှ မအိရွှေဇင်၏ အမည်မှန်မှာ မအိရွှေစင်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိန်ဘိုဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၆-၂၀၂၃ ရက်ပါ မြန်မာ့အလင်းသတင်းစာ ၂၀တွင် ဖော်ပြခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ ကြော်ငြာတွင် ဒေါ်စိမ်းအိလွှာ၏ မှတ်ပုံတင်အမှတ် ၉/အမဇ (နိုင်)၀၅၀၈၀၁အား ၉/အမဇ (နိုင်)၀၂၂၉၂၁ သို့ ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ-၇)၊ ဦးပိုင်အမှတ်(၄၂)၊ ၆၀.B x ၆၁ လမ်းကြား၊ ကျန်စစ်သားနှင့်ဗန္ဓုလလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းလွင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၁၃၇/၂၀၂၁)အရ ပိုင်ဆိုင်သူ ဦးဇာနေစိုး ၅/ကသန (နိုင်) ၀၀၅၄၈၄၊ ဒေါ်မင်းမင်းအိခိုင် ၅/မရန(နိုင်)၁၃၇၇၅၁တို့က ဂရန်စာချုပ်တင်ပြ၍ "တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် မြေရာဇဝင်မှ ကူးယူထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသောမိတ္တူမှန်သည်ပျက်ပြယ်သည်" ဟု ဂရန်ပေါ်တွင် ရေးသားထားသော မင်နီမှတ်ချက်အား ပယ်ဖျက်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက် အမှတ်(မ-၃၁)၊ ဦးပိုင်အမှတ်(၁၃)၊ ၅၆ လမ်း၊ ၄၂x၄၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျင်ကို ၁၃/ကလတ (နိုင်)၀၃၈၁၇၄က ဂရန်စာချုပ် နှင့်အတူ အမှုတွဲအမှတ် (၁၆၁၀/၂၀၂၃-၂၀၂၄) ဖြင့် သက်တမ်းတိုး လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/6918 Mitsubishi Canteo FE 70 DB ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချစ် ၅/စကန (နိုင်)၁၁၉၀၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၆၆၄၁၂ Honda Click 110 ယာဉ် လက်ဝယ်ရှိသူ ဦးဝင်းဗိုလ် ၉/ပသက (နိုင်)၀၂၈၄၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 13W/9965 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၉/ကဆန(နိုင်) ၁၁၆၉၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ကျောက်ဆည်)

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၁)၊ ဦးပိုင်အမှတ်(၁၄)၊ ၄၂ x ၄၃ လမ်းကြား၊ ၅၆ x ၅၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျင်ကို ၁၃/ကလတ(နိုင်)၀၃၈၁၇၄ က ဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ် (၁၆၁၁/၂၀၂၃-၂၀၂၄)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ-၇)၊ ဦးပိုင်အမှတ်(၁၄၂)၊ ၆၅ လမ်း နှင့် ၆၇ လမ်းကြား၊ ၁၁၇ လမ်းနှင့် ၁၁၈ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းရှင် ၉/မရမ (နိုင်) ၀၆၅၈၀၃ ၏ (SP ရသူ ဦးတင်စိုး) က အမည်ပေါက်သူ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားမူရင်းတို့ မတင်ပြနိုင်ခြင်း၊ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၀၀၀၄/၂၀၂၃-၂၀၂၄) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၂၉၁၃၄ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ 34 Shwe Mandalar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/94058 JVS Wego 110 M/C ယာဉ်လက်ဝယ်ရှိသူ Moon Princess Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၆၆၉၁ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဆန်း ၁၀/မဒန (နိုင်) ၁၆၃၂၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/9355 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်လင်း ၉/အမရ (နိုင်) ၁၇၂၆၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရမည်းသင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/7496 Toyota Liteace KM70 P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းနိုင်ဝင်း ၈/မမန (နိုင်) ၁၆၀၄၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/59388 Honda Clcik 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်ကြွယ် ၁၃/ကမန(နိုင်) ၀၇၃၂၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/69838 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းခိုင် ၁/မညန(နိုင်)၀၂၂၀၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိုးညှင်း)

## အလုပ်သမားဝန်ကြီးဌာန ရခိုင်ပြည်နယ် လူမှုဖူလုံရေးရုံး စစ်တွေမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ပြည်နယ်လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါ(တင်ဒါ)တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်–

(က) ရခိုင်ပြည်နယ်၊ ပြည်နယ်လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံးနှင့်ဆေးခန်း (၁) လုံး (၆၀'၅၄''x၂၆')RC(၂)ထပ်တည်ဆောက်ခြင်း (ရေ၊ မီး၊ မိလ္လာသွယ်တန်း တပ်ဆင်ခြင်း Apron & Drain ပြုလုပ်ခြင်းနှင့် (၁၅'၀"x၅'၀"x၆'၀" Septic Tank ပြုလုပ်ခြင်း အပါအဝင်)

(ခ) ၄"အချင်း ၂၅၀ ပေအနက် အဝီစိတွင်းတူးဖော်ခြင်း(2Hp Compressor, Motor) ၄'x၄' Pump House နှင့် ဂါလန် ၅၀၀၀ဆံ့ Ground Tank (၁၄'၆"x၁၄'၆"x၄'၆") တည် ဆောက်ခြင်း

(ဂ) ရုံးအဆောက်အအုံမှ . ကတ္တရာလမ်းမကြီးထိ (၈၀'x၁၂'x၆') ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရခိုင်ပြည်နယ် လူမှုဖူလုံရေးရုံးတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် မူရင်းအဆိုပြုလွှာပုံစံဖြင့်သာ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ပုံစံများကို ၁၉-၆-၂၀၂၃ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၁၈-၇-၂၀၂၃ ရက်(၁၆:၃၀) နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ် ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရခိုင်ပြည်နယ်လူမှုဖူလုံရေးရုံး၊ စစ်တွေမြို့ ဖုန်း-၀၄၃-၂၀၂၂၉၇၅၊ (၀၉-၂၅၉၁၉၃၂၀၄)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

လားရှိုးမြို့၊ အမှတ်(၆)၊ အခြေခံပညာ အထက်တန်းကျောင်း၊ ဒုတိယတန်းမှ မောင်မျိုးသန့် နှင့် စောမောင်မျိုးသန့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အမှတ်(၅)၊ အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၆)၊ အိမ်အမှတ်(၇၈၅)နေ မောင်ဘုန်းသက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးထန်တယ်စိုင်းဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၈/၃၂ ရှိ အကျယ်အဝန်း (၂၃x၄၅)ပေရှိ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ရောင်းချ ပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်နီနီလွင် ၁၂/အစန(နိုင်)၀၆၈၂၈၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မင်းဦး ၁၂/အစန(နိုင်)၁၉၅၉၃၃ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့တစ်ဝက်အား ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ထိုသတ်မှတ်ထားသောရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက ယခုအရောင်းအဝယ်အားပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးကျော်မင်းဦး** | **ဦးဟိန်းမင်းဆွေ (LL.B)** |
| **၁၂/အစန(နိုင်)၁၉၅၉၃၃** | **အထက်တန်းရှေ့နေ(စဉ် ၃၃၂၅၈/၃၁-၃-၂၀၁၀)** |
| | **အမှတ်(၄၂)၊ စော်ဘွားလမ်း၊ (၅) ရပ်ကွက်** |
| | **မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉-၄၂၁၀၅၆၅၂၇၊ ၀၉-၇၉၂၄၄၂၆၃၁** |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေအင်းဝလမ်း၊ အမှတ် (၄၅၇/ခ)ပေါ်ရှိ အလျား (ပေ ၂၀ x အနံ ၆၀) မြေကွက်၏ အိုးအိမ်ဦးစီးဌာန၏ မြေချပါမစ်စာချုပ်စာတမ်းနှင့် မြေပေါ်ရှိ အဆောက်အအုံတို့ကို ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးအောင်သွင်ဦး ၁၂/တမန(နိုင်) ၀၆၀၁၀၂ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ပေးချေပြီးဖြစ်၍ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စရန်ပေးချေသူ ဦးအောင်ဝင်း ၁၂/ဗဟန(နိုင်)၀၃၃၆၆၇ထံသို့ ကိုယ်တိုင်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဝင်း**
**၁၂/ဗဟန(နိုင်)၀၃၃၆၆၇**
**အမှတ် (၆၈၃/က)၊ ပုဂံလမ်း၊ ၅၄-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ် (၄၇၅)၊ မြေကွက် တည်နေရာ - အမှတ် (၄၇၅)၊ ဗိုလ်အောင်ကျော်လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးသန်းတင် (BF-၀၃၇၄၈၇) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးသန်းတင်သည် ၇-၄-၂၀၁၅ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းမြင့် ၁၂/မရက(နိုင်) ၀၀၇၇၀၈ မှ တရားဝင် တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၁)ထပ်သွပ်မိုး၊ ပျဉ်ကာ အဆောက်အအုံတစ်လုံးနှင့် (၁)ထပ် အုတ်ညှပ်တစ်လုံးရှိပြီး အိမ်ငှားများထားရှိပါသည်။ လျှောက်ထားသူမှ ပေ(၄၀x၆၀) မြေပေါ်ရှိ နေအိမ် (၂)လုံးပေါ်တွင် အိမ်ငှားများထားရှိကြောင်းနှင့် ကွင်းဆင်း သည်ကို သိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခင်စန်းမြင့် ပိုင်ဆိုင်အရောင်း မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြ မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(တိုင်းဒေသကြီးရုံး) ရန်ကုန်တိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမားဝန်ကြီးဌာန၊အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ အဆောက်အအုံဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

**LotNo(1) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရုံးသစ်ဆောက်လုပ်ခြင်း (၅၀'x ၃၂'x၃၃' နှစ်ထပ် RC)၊ (Apron & Drainအပါ၊ အတွင်းလျှပ်စစ်လုပ်ငန်း၊ ရေသန့်လုပ်ငန်းအပါအဝင်)**

| | |
|---|---|
| **တင်ဒါတင်သွင်းရမည့်ရက်** | - ၂၀-၆-၂၀၂၃ မှ ၃-၇-၂၀၂၃ ရက်၊ ၁၆:၃၀ နာရီအထိ |
| **တင်ဒါဖွင့်မည့်ရက်** | - ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ ၁၀:၀၀နာရီ |
| **လျှောက်လွှာဝယ်ယူခြင်းနှင့် တင်ဒါတင်သွင်းရမည့်နေရာ** | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးရုံး၊ အမှတ်( ၈ / ၁) နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |

၂။ တင်ဒါပုံစံများအား အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၀၁၄၆၊ ၀၁-၆၆၇၆၄၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ဘိုးဘပိုင်မြေအမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

